ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့အစည်းအဝေးကို (၂၁၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၀၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၀၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၁၉-၁၂-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဆေးရုံတက်ရောက်။ ဒေါ်ရှီလာနန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ အာစရိယပူဇော်ပွဲတက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အစည်းအဝေး တက်ရောက်ရန်နဲ့ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနဲ့ ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါ တယ်ရှင်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၄)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက် - လှေဆွဲမြောင်း ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက် - လှေဆွဲမြောင်း ကျောက်ချောလမ်းအား ကတ္တရာလမ်း အဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်-လှေဆွဲမြောင်း ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ်သို့ အဆင့်

တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ခြေထောက်-လှေဆွဲမြောင်းလမ်းဟာ ပဲခူး တိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်မြို့မှ ရန်ကုန်-မန္တလေး လမ်းဟောင်းကနေ အရှေ့ဘက်စစ်တောင်းမြစ်အထိရောက်ရှိပြီး ညောင်ခြေထောက်ကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ အုပ်စု၊ ကန်ကလေးကျေးရွာအုပ်စုနှင့် မျက်နီကွင်းကျေးရွာအုပ်စုတို့ကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းရဲ့အရှည်စုစုပေါင်းမှာ (၅)မိုင်နဲ့ (၆.၅၃)ဖာလုံ ရှိပါတယ်။ (၂.၁၂)ဖာလုံဟာ ကတ္တရာလမ်းဖြစ်ပြီးတော့ (၅)မိုင်နဲ့ (၄.၄၁)ဖာလုံကတော့ ကျောက်ချောလမ်း ဖြစ်ပါ တယ်။ ညောင်ခြေထောက်-လှေဆွဲမြောင်း လမ်းပိုင်းပေါ်ရှိ ကတ္တရာ (၂.၁၂)ဖာလုံ၊ ကျောက်ချောလမ်း (၁)မိုင်နဲ့ (၆.၁၉)ဖာလုံကို အုတ်တွင်းမြို့နယ်၊ စည်ပင်သာယာရေးမှ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ကျန်ရှိတဲ့ ကျောက်ချောလမ်း (၄)မိုင်နဲ့ (၀.၄၄)ဖာလုံကို ပထမအကြိမ် အမျိုးသားလွှတ်တော်မှာ ကျွန်တော့်ရဲ့ တင်ပြတောင်းခံချက်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါလမ်းကို အုတ်တွင်းမြို့နယ်အတွင်းရှိ ညောင်ခြေထောက်ကျေးရွာအုပ်စုမှ ကျေးရွာ(၃)ရွာ၊ ညောင်ကုန်းကျေးရွာအုပ်စုမှ ကျေးရွာ(၄)ရွာ၊ ကန်ကလေးကျေးရွာအုပ်စုမှ ကျေးရွာ(၄)ရွာနှင့် မျက်နီကွင်း ကျေးရွာအုပ်စုတို့မှ ကျေးရွာ(၅)ရွာတို့ရဲ့ အိမ်ခြေပေါင်း (၂၇၉၇)၊ လူဦးရေပေါင်း (၁၄၃၂၂)ဦးတို့နှင့် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ထန်းတပင်မြို့နယ်မှ ဇလုပ်ကြီး၊ ငါးဆီးလှော်၊ စမွတ်၊ သောင်ပု ချောင်၊ ကွေ့ကြီး၊ သက်ကယ်ကုန်းနှင့် အင်းလျှားကြီး အစရှိသောကျေးရွာများမှ ရဟန်းရှင်လူ ပြည်သူ တို့ဟာ စစ်တောင်းမြစ်ကို စက်လှေဖြင့် ကူးဖြတ်ပြီးတော့ လှေဆွဲမြောင်းကျေးရွာမှတစ်ဆင့် အဆိုပါ လမ်းကိုအသုံးပြုကာ ၎င်းတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် နေ့စဉ် အသုံးပြုနေတဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီလမ်းဟာ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင် နှစ်မြို့နယ်စလုံးအတွက် လွန်စွာ အသုံးဝင်သော ကျေးလက်လမ်းတစ်လမ်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင် မြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလို သည်မှာ (က) ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်-လှေဆွဲမြောင်း ကျောက်ချော လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် (ခ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သို့ ပြုလုပ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်သူများ နေ့စဉ်စားသုံးနေကြသော ဟင်းသီးဟင်းရွက်များ၊ သားငါးများထဲတွင် ပိုးသတ်ဆေး၊ ဓာတုဗေဒနှင့် အခြားဆေးကြွင်းများ ကင်းဝေးစေရန်နှင့် သဘာဝနည်းဖြင့်စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ ဈေးကွက်ခိုင်မာမှုရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက ပြည်သူများ နေ့စဉ်စားသုံးနေကြသော ဟင်းသီးဟင်းရွက်များ၊ သားငါးများထဲတွင် ပိုးသတ်ဆေး၊ ဓာတုဗေဒနှင့် အခြားဆေးကြွင်းများ ကင်းဝေးစေရန်နှင့် သဘာဝနည်းဖြင့်စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ ဈေးကွက်ခိုင်မာမှု ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြ မေးခွန်းကတော့ ဒီပြည်သူတွေ စားသုံးနေကြတဲ့ ဟင်းသီးဟင်းရွက်တွေ၊ သားငါးတွေထဲမှာ ဓာတုဗေဒနှင့် ပိုးသတ်ဆေးကြွင်းတွေ ကင်းဝေးစေဖို့နဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုးသူတောင်သူလယ်သမားတွေရဲ့ လယ်ယာစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်အပါအဝင် စိုက်ပျိုးမှုတွေကို လေ့လာကြည့်တဲ့အခါမှာ ဓာတုမြေသြဇာ ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲတာတွေ၊ ပိုးသတ်ဆေးတွေ သုံးစွဲတဲ့နေရာမှာ သုံးစွဲရမယ့်အညွှန်းအတိုင်း Pre-harvest Interval လို့ခေါ်တဲ့ ဆေးသုံးစွဲပြီးရင် ရိတ်သိမ်းဆွတ်ခူးရမယ့်ကာလအတိုင်း လိုက်နာတဲ့ နေရာတွေမှာ အားနည်းတာကို အဓိကတွေ့ရပါတယ်။ လက်တွေ့အမြင်မှာလည်း ဒီအတိုင်းပဲ ဖြစ်နေတာပါ။ ထို့အတူပဲ သားငါးထုတ်လုပ်တဲ့ မွေးမြူရေးကဏ္ဍတွေမှာ ဈေးကွက်ထဲရောက်တဲ့တိုင်အောင် ဆေးကြွင်းတွေပါဝင်တဲ့အနေအထားတွေ ရှိပါတယ်။ ဥပမာ သားငါးတွေ၊ နို့ထုတ်တဲ့ မွေးမြူရေးကဏ္ဍတွေမှာ Withdrawal period လို့ခေါ်တဲ့ သတ်မှတ်စောင့်ဆိုင်းရမယ့်ကာလအတိုင်း ဆေးသုံးစွဲမှုတွေကို မလိုက်နာတဲ့အတွက် ဈေးကွက်ထဲရောက်တဲ့တိုင်အောင် ပဋိဇီဝဆေးကြွင်းတွေနဲ့ အခြားဆေးကြွင်းတွေ ပါဝင်နေတာပဲ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့လူတန်းစားအများစု မလွတ်ကင်းနိုင်တဲ့ ဟင်းသီးဟင်းရွက်တွေ၊ သီးနှံတွေထဲမှာ ဒီပိုးသတ်ဆေးကြွင်းတွေ ပါဝင်တဲ့အနေအထားက ကျန်းမာရေးအတွက် အလွန်ကိုပဲ ကြောက်စရာကောင်းပါတယ်။

လူတန်းစားအများစုထဲမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း မလွတ်ကင်းနိုင်ပါဘူး။ ဆေးကြွင်းတွေရဲ့ ဘေးထွက်ဆိုးကျိုးတွေဖြစ်တဲ့ အဆိပ်သင့်တာတို့၊ မျိုးရိုးဗီဇကို ထိခိုက်တာတို့၊ ကိုယ်ခံအားကို လျော့နည်းစေတာတွေအပြင် Carcinogenicity လို့ခေါ်တဲ့ ကင်ဆာ

ရောဂါကို ဖြစ်ပွားစေတာတွေပါ ဖြစ်လာနိုင်ပါတယ်။ Vitamin တို့ Cancer ရောဂါကို ကာကွယ်ပေးတဲ့ Anti-oxidant တွေပါဝင်တဲ့ ဟင်းသီးဟင်းရွက်တွေကို စားသုံးကာမှပဲ ဆေးကြွင်းတွေကြောင့် Cancer ရောဂါကိုပိုမိုဖြစ်ပွားလာနိုင်တာကို အားလုံးလည်း သတိထားမိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုချိန်ဟာဆိုရင် ကမ္ဘာ့နိုင်ငံတွေမှာ Organic Farming သဘာဝနည်းပညာနဲ့ စိုက်ပျိုးနည်းစနစ်တွေဟာ နည်းပေါင်းစုံနဲ့ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ပပို့ကုန်တွေဖြစ်တဲ့ လယ်ယာသီးနှံထဲက ဥပမာ စပါးတို့၊ ပဲတို့လို သီးနှံတွေ ဈေးကွက်ရရှိစေဖို့ အတွက် အရည်အသွေးတွေကောင်းမွန်ဖို့လိုသလို ဓာတုဗေဒပိုးသတ်ဆေးဓာတ်ကြွင်းတွေ သတ်မှတ်တဲ့ အတိုင်းအတာတွေ မကျော်လွန်ဖို့လည်း အလွန်ပဲအရေးကြီးပါတယ်။ Organic စိုက်ပျိုးရေးက မျိုးရိုးဗီဇပြုပြင်၊ နောက် ဓာတုဗေဒပိုးသတ်ဆေးတွေသုံးတဲ့ အထွက်တိုး စိုက်ပျိုးနည်းတွေထက်ကို လုပ်သားစရိတ်တွေ၊ ကုန်ကျစရိတ်တွေ ပိုများတာမှန်ပါတယ်။ ပို့ကုန်အဓိကသီးနှံတွေဖြစ်တဲ့ စပါးတို့၊ ပဲတို့ စိုက်ပျိုးတဲ့နေရာမှာ Organic Farming ကိုပဲ သုံးမယ်ဆိုရင် ဒါအထွက်တိုးတွေ ထိခိုက်စေမှာဖြစ်တဲ့အတွက်ကြောင့် Modern Farming နည်းတွေကို မြေဆီလွှာတွေ မထိခိုက်စေဖို့၊ ဓာတ်ကြွင်းတွေ နည်းစေဖို့အတွက် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူလူထုတွေ အနေနဲ့ Organic Product တွေဟာ ကျန်းမာရေးအတွက် ကောင်းမွန်တယ်လို့ အသိရှိပြီးတော့ ဝယ်ယူစားသုံးချင်တယ် ဆိုရင်တောင် စားသုံးနိုင်မယ့်အနေအထား လက်ရှိမှာမရှိပါဘူး။ ဒါနဲ့ဆက်စပ်ပြီးတော့ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတွေကိုလည်း Natural Farming တို့ Biological Farming တို့စတဲ့ သဘာဝနည်းပညာနဲ့ စိုက်ပျိုးထုတ်လုပ်လာနိုင်အောင် တွန်းအားဖြစ်စေဖို့အတွက် ဒီ Organic သီးနှံတွေ၊ Product တွေ ဈေးကွက်ခိုင်မာမှုရရှိအောင်လုပ်ပေးဖို့လည်း လိုအပ်နေပါတယ်။ ကျွန်တော် မေးမြန်းချင်တာကတော့ ကျွန်တော်တို့ပြည်သူတွေ နေ့စဉ်စားသုံးနေရတဲ့ ဟင်းသီးဟင်းရွက်တွေ၊ သားငါးတွေထဲမှာ ဒီဓာတုဗေဒ ပိုးသတ်ဆေးတွေ၊ ဓာတ်ကြွင်းတွေ ကင်းဝေးစေဖို့နဲ့ ဒီလို သဘာဝနည်းပညာနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ ဟင်းသီးဟင်းရွက်တွေ၊ သီးနှံတွေ ဈေးကွက်ခိုင်မာမှုရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း က လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လယ်ယာ

စိုက်ပျိုးရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး အရေးကြီးသကဲ့သို့ မျိုးစေ့ခြံ၊ မျိုးသန့် မျိုးပွားခြံများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလှပါသည်။ ထို့အတွက်ကြောင့် တောင်သူလယ်သမားများ ယုံကြည်အားထားရသော မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး အလားအလာနှင့် ဌာနပိုင်မျိုးစေ့ခြံ၊ မျိုးသန့်၊ မျိုးပွားခြံများ ပြန်လည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းလိုတဲ့ အခြေခံအကြောင်းအချက်များအနေဖြင့် (၁) ရေမြေဒေသ၊ ရာသီဥတုနှင့် သင့်လျော်မည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် မျိုးစေ့ခြံ၊ မျိုးသန့်မျိုးပွားခြံ၊ ဗဟိုစိုက်ပျိုးရေးခြံများကို လွန်ခဲ့သောနှစ်ပေါင်းများစွာကပင်၊ လွတ်လပ်ရေး မရမီကပင် နိုင်ငံတော်မှ စနစ်တကျ ပြုစုတည်ထောင်ပေးခဲ့ပါတယ်။ (၂) မျိုးစေ့ခြံ၊ မျိုးသန့် မျိုးပွားခြံများမှ နှစ်စဉ် တောင်သူလယ်သမားများနှင့် သင့်လျော်ကိုက်ညီသည့် ဒေသမျိုးများ၊ အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ ရရှိစိုက်ပျိုးနိုင်ရေးအပြင် သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေးနည်းစနစ်နှင့် ပညာပေးသင်တန်းများပါ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ၎င်းလုပ်ငန်းများအတွက် နိုင်ငံတော်မှ ငွေကြေးအရင်းအနှီး အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့ပါတယ်။ (၃) သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအကျိုး ရှေးရှု၍ လက်ရှိအခြေအနေ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိတွင် မျိုးစေ့ခြံများနှင့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု အခြေအနေကို သိလိုပါတယ်။ တစ်ဆက်တည်း ၁၉၈၅-၁၉၈၆ ခုနှစ်ရဲ့ မျိုးစေ့ခြံ၊ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးနိုင်မှုအခြေအနေနှင့် စိုက်ပျိုးရေးသုတေသနအတွက် ငွေကြေးသုံးစွဲမှုအခြေအနေကို နှိုင်းယှဉ်ဖြေကြားပေးပါရန်နှင့် (၄) နိုင်ငံတော်မှ နှစ်ပေါင်းများစွာ ရင်းနှီးကုန်ကျခံကာ ပြုစုတည်ထောင်ထားခဲ့သော မျိုးစေ့ခြံ၊ မျိုးသန့် မျိုးပွားခြံများ အခြေအနေအရ ဆုတ်ယုတ်ကြောင်း၊ ကျဆင်းနေကြောင်း ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၅) အထူးသဖြင့် မျိုးစေ့ခြံများ၊ မြေနေရာများ၊ သိုလှောင်ရုံများ၊ အဆောက်အဦများ၊ စက်ရုံများကို ငှားရမ်းခြင်းနှင့် ပြန်လည်စွန့်လွှတ်ခြင်းများ ပြုလုပ်ရာတွင် နိုင်ငံတော်မှ ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် စိုက်ပျိုးထုတ်လုပ်နေဆဲ၊ လိုအပ်နေဆဲ၊ အသုံးပြုဆဲ အခြေအနေများရှိနေခြင်းနှင့် အချိန်တိုအတွင်း ဆောလျင်စွာဆောင်ရွက်ခြင်း၊ ငှားရမ်းချိန်ကာလ သတ်မှတ်ခြင်း၊ ဒေသကာလပေါက်ဈေးနှင့် လျော်ညီမှုမရှိခြင်း၊ တရားဝင် ခွင့်ပြုချက်မရသေးခင် အချိန်တိုအတွင်း အလျင်အမြန် ဆောင်ရွက်ခြင်းနှင့် မူလရည်ရွယ်ချက်ပါအတိုင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စသည်တို့ကို အများပြည်သူအကျိုးအတွက် မှန်ကန်စွာ ပြန်လည်ကြပ်မတ် စိစစ်ပေးပါရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

(၆) သို့ဖြစ်ပါသောကြောင့် တောင်သူလယ်သမားများ ယုံကြည်အားထားရသော မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအလားအလာနှင့် ဌာနပိုင် မျိုးစေ့ခြံ၊ မျိုးသန့် မျိုးပွားခြံများ၊ ဗဟိုစိုက်ပျိုးရေးခြံများ ပြန်လည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်လောင်းမေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီးအတွင်းရှိ တမံ(၅၅)ခုကို ဖုံးလွှမ်းလျက်ရှိသော သဲနုန်းများအား ဖယ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တမံထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီးအတွင်းရှိ တမံ(၅၅)ခုကို ဖုံးလွှမ်းလျက်ရှိသော သဲနုန်းများအား ဖယ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တမံထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီးအတွင်းရှိ တမံ(၅၅)ခုကို တည်ဆောက်ခဲ့တဲ့ နှစ်ပမာဏဟာ ဆယ်စုနှစ် (၂)ကြိမ်ကျော်ပြီးဖြစ်တဲ့အတွက် တမံအတွင်း ဖုံးလွှမ်းလျက်ရှိတဲ့ သဲနုန်းများကို ဖယ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ တမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ မေးမြန်းရတဲ့ အကြောင်းပြချက်ကတော့ မကွေးတိုင်းဒေသကြီးအတွင်းမှာ တစ်ဖက်ရပ်ဆည်တွေကို ဖော်မယ်ဆိုရင် တမံ(၅၅)ခု တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီတမံတွေကို ဆောက်လုပ်ခဲ့တဲ့ကာလဟာဆိုလို့ရှိရင် အများဆုံးအားဖြင့် ဆယ်စုနှစ် (၂)ခုကျော်သက်တမ်းနီးပါး ရှိနေပြီဖြစ်ပါတယ်။

ကျွန်တော်ရဲ့ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ စေတုတ္တရာ၊ မုန်းချောင်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံနဲ့ စလင်းတမံ ဆိုပြီး (၃)ခု ရှိခဲ့ပါတယ်။ စလင်းတမံအတွင်းကို ဝင်ရောက်တဲ့ ချောင်းတွေကတော့ ပုပ္ပကိုင်းချောင်းနဲ့ နန္ဒချောင်းတို့က စီးဆင်းလာတဲ့ရေများကို သိုလှောင်ထားတဲ့တမံ ဖြစ်ပါတယ်။ ချောင်းပတ်ဝန်းကျင်ဟာ ရေဝေရေလဲဒေသတွေ၊ သစ်တောတွေ ပြုန်းတီးနေတဲ့အတွက်ကြောင့် ရွှံ့နွံ၊ သဲနုန်းများဟာ နှစ်စဉ် ဝင်ရောက်လျက်ရှိပါတယ်။ ရေပြင်ရဲ့ဧရိယာဧက ကတော့ (၁၇၈၂)ဧကရှိပြီး ကုဗပေအားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် (၅၁၇၄၉၂၈၀)ရှိပါတယ်။ ကုဗပေ(၁၀၀)ကို သဲနုန်း ဖုံးလွှမ်းမှု တစ်ကျင်းနှုန်းနဲ့ တွက်မယ်ဆိုလို့ရှိရင် ယခု တမံဆောက်လုပ်ကတည်းကနေပြီးတော့ ယနေ့အချိန်အထိ သဲနုန်း၊ ဒီ စလင်းတမံအတွင်းမှာ သဲနုန်း၊ ရွှံ့နွံကျင်းပေါင်း (၅၁၀၀၀၀)ကျော် ပို့နေပြီဖြစ်ပါတယ်။ ယင်း ကဲ့သို့ သဲနုန်း၊ ရွှံ့နွံတမံများ နှစ်စဉ် ပို့နေပြီး ဒီအတိုင်းထားမယ်ဆိုလို့ရှိရင် တမံရဲ့ရေနက်ဧရိယာနည်းပြီး ရေပြင်ဟာ ကျယ်လာမယ်ဖြစ်ပါတယ်။ ဒါကြောင့် တမံရဲ့ဘေးပတ်ဝန်းကျင်များကို ရေလွှမ်းမိုးခြင်း၊ ရေပိုလွှဲမှ မူလသတ်မှတ်ထားတဲ့ ရေပမာဏထက် ရေစီးနှုန်းမြင့်တက်ပြီး ရေပိုလွှဲပျက်စီးလျက် တမံရဲ့အောက်ဘက်နေ ပြည်သူများဟာ ရေဘေးဒဏ် ခံစားနိုင်ရမယ့် ဆိုးကျိုးများကို ကြုံတွေ့ခံစားရမည် ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီးအတွင်းရှိ တမံ(၅၅)ခုအတွင်းရှိ နှစ်စဉ်ပို့လာသောသဲနုန်းများ၊ ရွှံ့များပို့နေခြင်းကို

ဖယ်ထုတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ တမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဦး ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဦး အနေနဲ့ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားစွာနဲ့ ကွင်းဆင်းပြီးမေးမြန်းပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာ တင်ပြလိုပါတယ်။

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်-လှေဆွဲမြောင်းလမ်းဟာ အရှည်(၅)မိုင် (၆.၅၃)ဖာလုံရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်း (၂.၁၂)ဖာလုံနဲ့ ကျောက်ချောလမ်း (၃.၉၇)ဖာလုံ ဆောင်ရွက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ချောလမ်း (၄)မိုင် (၀.၄၄)ဖာလုံကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ကျောက်ချောလမ်း (၅)မိုင် (၄.၄၁)ဖာလုံကို ကတ္တရာလမ်းဆောင်ရွက်ပါက ငွေကျပ်(၇၀၅.၁၂)သန်းခန့် ကုန်ကျမှာဖြစ်ပြီး၊ ကျေးရွာ (၁၆)ရွာ၊ အိမ်ခြေ (၂၇၉၇)ရွာရှိတဲ့ လူဦးရေပေါင်း (၁၄၃၂၂)ဦးတို့ကို အကျိုးပြုမည်ဟု သိရပါတယ်။

ဆက်လက်တင်ပြမှာကတော့ ပဲခူးတိုင်းဒေသကြီးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ အကြောင်းပဲ ဖြစ်ပါတယ်။ ဒီနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်းအားဖြင့် (၁၂၂၉၃.၇၀၄)သန်းဖြစ်ပါတယ်။ ကွန်ကရစ်လမ်းအရှည်(၅)မိုင် (၇)ဖာလုံ၊ ကတ္တရာလမ်း(၈)မိုင် (၃)ဖာလုံ၊ ကျောက်ချောလမ်း(၆၀)မိုင် (၄)ဖာလုံ၊ ဂဝံမြေနီလမ်း(၅၆)မိုင် (၇)ဖာလုံနဲ့ မြေသားလမ်း(၃၄)မိုင် (၁)ဖာလုံ၊ ကွန်ကရစ်တံတား(၂၅)စင်း၊ သစ်သားတံတား(၈၁)စင်း၊ ရေပြွန်(၈၅)စင်းနဲ့ ရေကျော်(၁၂)စင်းတို့ကို လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အုတ်တွင်းမြို့နယ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေကတော့ ကျပ်သန်းပေါင်း (၂၃၃.၁၈)သန်းသာ ဖြစ်တဲ့အတွက် ကျောက်ချောလမ်း (၂)မိုင် (၂)ဖာလုံ၊ ကွန်ကရစ်တံတား(၁)စင်းနဲ့ သစ်သားတံတား(၂)စင်းတို့အတွက်သာ လျာထားဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့်မှ လမ်းတံတားလုပ်ငန်းများနဲ့ ပတ်သက်ပြီး လမ်းအမျိုးအစား၊ လမ်းအဆင့် သတ်မှတ်တဲ့ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီ ဖြစ်ပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးများမှ Master Plan အရ ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားရမယ့်လုပ်ငန်းစဉ်များပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာတဲ့ အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ ညောင်ခြေထောက်-လှေဆွဲ မြောင်းလမ်းဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့တဲ့အတွက် လက်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများရဲ့ ဦးစားပေးလျာထား တင်ပြမှုအပေါ်မှာ မူတည်ပြီးတော့ လျာထား ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး က ပြည်သူများ နေ့စဉ်စားသုံးနေကြရတဲ့ ဟင်းသီးဟင်းရွက်တွေမှာ၊ သားငါးများထဲမှာ ပိုးသတ်ဆေးတွေ၊ ဓာတုဗေဒနှင့် အခြားဆေးကြွင်းများ ကင်းဝေးစေရန်နှင့် သဘာဝနည်းဖြင့် စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်များ အသီးအနှံများရဲ့ ဈေးကွက်ခိုင်မာမှုရစေရန် ဆောင်ရွက်ထားတဲ့ အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူများ နေ့စဉ် စားသုံးနေကြတဲ့ ဟင်းသီးဟင်းရွက်များ၊ သားငါးများထဲမှာ ပိုးသတ်ဆေးနဲ့ အခြားဓာတုဆေးများ ကြွင်းကျန်မှုမရှိစေရန် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို သဘာဝနည်းနဲ့ စိုက်ပျိုးခြင်းဖြစ်တဲ့ Organic Farming နဲ့ စိုက်ပျိုးချိန်မှ ရိတ်သိမ်းသိုလှောင်ချိန်အထိ GAP (Good Agriculture Practice)ကို၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျင့်သုံးခြင်းတို့ဖြင့် စိုက်ပျိုးထုတ်လုပ်ရမှာပဲ ဖြစ်ပါတယ်။ လက်ရှိကာလမှာ ဟင်းသီးဟင်းရွက်များမှာ ပိုးသတ်ဆေး၊ ဓာတုဗေဒနှင့် အခြားဓာတုဆေး ကြွင်းကျန်မှု ကင်းဝေးစေရန် စိုက်ချိန်မှ ရိတ်သိမ်းသိုလှောင်ချိန်အထိ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP (Good Agriculture Practice)ကို လိုက်နာဖို့ရန် GAP သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဓာတုပိုးသတ်ဆေးများကို ဆေးညွှန်းအတိုင်း စနစ်တကျသုံးစွဲနည်းများ၊ ဘက်စုံကာကွယ် နှိမ်နင်းနည်းစနစ်များကို တောင်သူများလိုက်နာကျင့်သုံးနိုင်ရန် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တောင်သူတွေကို သင်တန်းများပို့ချလျက်ရှိတဲ့နေရာမှာ ယနေ့အထိတော့ သဘာဝနည်းဖြင့် စိုက်ပျိုးခြင်း (Organic Farming) သင်တန်းပေါင်း (၂၈)ကြိမ်မှာ တောင်သူပေါင်း(၉၂၀)ဦးကိုသာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ GAP သင်တန်းနဲ့ ပတ်သက်လို့ အကြိမ်ပေါင်း(၉၀)မှာ တောင်သူပေါင်း(၂၄၆၃)ဦးကိုလည်း ပညာပေးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း (Field Inspection) ဆိုင်ရာသင်တန်းများမှာ ဝန်ထမ်းများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ပို့ချပေးခဲ့တာတော့ ယနေ့အထိ သဘာဝနည်းဖြင့် စိုက်ပျိုးခြင်း (Organic Farming) မှာ သင်တန်းသားပေါင်း (၆၁)ဦးတို့ကို ပို့ချခဲ့ပြီး ဖြစ်ပါတယ်။

GAP (Good Agriculture Practice)မှာ သင်တန်းသား(၆၃)ဦးတို့ကိုလည်းပဲ လေ့ကျင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အာဆီယံ GAP Guideline လမ်းကို အခြေခံပြီး ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ဟင်းသီးဟင်းရွက်သစ်သီးဝလံများအတွက် မြန်မာ့ GAP Guideline စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီးလည်းဖြစ်ပါတယ်။ ဆက်စပ်ဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ဝန်ထမ်းများ၊ အသင်းအဖွဲ့များနဲ့ တောင်သူများကို ဖြန့်ဝေပေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ ဒုတိယအကြိမ် ပြင်ဆင်ထုတ်ဝေခဲ့ပြီး ဆက်လက်ဖြန့်ဝေပေးလျက် ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန အောက်မှာရှိတဲ့ ဥယျာဉ်ခြံများသာမက ပုဂ္ဂလိကတောင်သူများရဲ့စိုက်ခင်းများသို့လည်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်၊ ဇွန်လမှာ သရက်သီးနှံအတွက် GAP Certificate အသိအမှတ်ပြုလက်မှတ်ကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပုဂ္ဂလိကဥယျာဉ်ခြံ(၂၇)ခြံကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး နိုင်ငံခြားတင်ပို့ရန် အလားအလာကောင်းတဲ့ သီးနှံတွေဖြစ်တဲ့ ကျွဲကော၊ ဖရဲ၊ သခွားမွှေး၊ ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ ဆန်၊ ပဲ၊ ပြောင်း၊ မြေပဲနှင့် နှမ်းစသည့် သီးနှံများမှာ GAP Certificate လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် မြန်မာ့ GAP Protocol ကို ရေးဆွဲပြုစုဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းနှီးနှောဖလှယ်ပွဲကို နေပြည်တော်မှာပဲ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်ကနေ ၁၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

Organic သီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး Organic Inspector Training သင်တန်းကိုလည်းပဲ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးရေးဌာန (CARTC) မှာ ကိုရီးယားနိုင်ငံရဲ့ ကျွမ်းကျင် ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့ဟင်းသီးဟင်းရွက်သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အသင်းဝင်များ၊ တောင်သူများကို သင်တန်းပို့ချခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံမှာရှိတဲ့ Organic စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များမှ နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် တောင်သူလယ်သမားများကို သင်တန်းပို့ချခဲ့ပါတယ်။ သဘာဝမြေသြဇာများဖြစ်တဲ့ ကြံမြှုပ်ချေး၊ အားဖြည့်ဇီဝစူပါရွက်ဖျန်း၊ စပါးခွံဖွဲပြာ၊ တီကျစ်စာမြေဆွေး၊ ပဲမြစ်ဖုဇီဝမြေသြဇာ၊ အီးအမ်ဘိုကာရှိနဲ့ ဒိုချက်ကင်း သဘာဝမြေသြဇာပြုလုပ် အသုံးပြုနည်းများကိုလည်းပဲ တောင်သူများသို့ နည်းပညာဖြန့်ဖြူးပြီးတော့ လက်တွေ့ပြသ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သဘာဝနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ထားတဲ့ သီးနှံများရဲ့ ဈေးကွက်အနေနဲ့ ဆက်လက်တင်ပြရမယ်ဆိုရင် ဈေးကွက်ဟာ ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင် အပြည့်အဝခိုင်မာမှု မရှိသေးဘဲ ဖြစ်နေသည်ကို တွေ့ရပါတယ်။ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေနဲ့မူ Organic သီးနှံများ စားသုံးခြင်းရဲ့ အကျိုးကျေးဇူးများကို စားသုံးသူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လက်ခံလာစေရန် အသိပညာပေးသည့် လုပ်ငန်းကို ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်သွားမှာလည်းပဲ ဖြစ်ပါတယ်။ ထုတ်လုပ်သူနဲ့ စားသုံးသူတို့ရဲ့ အသိပညာတိုးတက်မှုအပေါ်မှာ အခြေခံပြီး Demand and Supply တို့ရဲ့ မျှခြေတစ်ခုရှိရန်လည်းပဲ လိုအပ်ပါတယ်။ ယင်း မျှခြေဖြစ်တည်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် နားလည်လက်ခံလာစေရန်အတွက်လည်းကောင်း၊ အားလုံးရဲ့ Stake Holder အားလုံး ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်

ရန်လည်း၊ လိုအပ်မှာလည်း ဖြစ်ပါတယ်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်လာမှုသည်လည်းပဲ အကြောင်းတစ်ရပ် အဖြစ် ပါဝင်လျက်ရှိတာကို တွေ့ရပါတယ်။ သို့ဖြစ်တဲ့အတွက် ဈေးကွက်ခိုင်မာမှုအတွက် အချိန်ကာလ တစ်ခုကို ဖြတ်သန်းရန် လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် Organic စိုက်ပျိုးရေးအတွက် မိမိဝန်ကြီးဌာနအနေနဲ့ အသိပညာပေးခြင်း လုပ်ငန်းကိုတော့ တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနဲ့ သဘာဝနည်းနဲ့ စိုက်ပျိုးထုတ်လုပ် ထားတဲ့ သီးနှံများကို စားသုံးသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလက်ခံလာသည်နှင့်အမျှ ဈေးကွက်ခိုင်မာမှု တိုးမြင့်လာမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဘမျိုးသိန်း ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးသာမက စီးပွားရေးအရ တွက်ခြေ ကိုက်မှုနှင့် တောင်သူလယ်သမားများ ဝင်ငွေမြင့်မားပြီး လူနေမှုဘဝ တိုးတက်ရေးကိုပါ စီမံဆောင်ရွက် လျက် ရှိပါတယ်။ မျိုးစေ့ပွားများရေး အစီအစဉ်မှာ မျိုးသစ်များ သုတေသနပြုထုတ်လုပ်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှာရှိတဲ့ သုတေသနပညာရှင်များမှ ဆောင်ရွက်ပေးပြီး မျိုးစေ့ပွားများ ထုတ်လုပ်ခြင်းကိုတော့ စိုက်ပျိုးရေးဦးစီးဌာနမှာရှိတဲ့ မျိုးသန့်ခြံများမှာလည်းကောင်း၊ စိုက်ပျိုးရေးဦးစီး ဌာနနဲ့ အကျိုးဆောင်တောင်သူများ၊ ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းပြီးလည်းကောင်း နှစ်စဉ်ထုတ်လုပ် ဖြန့်ဖြူးလျက် ရှိပါတယ်။ ဒေသနဲ့ကိုက်ညီပြီး တောင်သူများကြိုက်နှစ်သက်တဲ့ အရည်အသွေးနဲ့ အထွက် နှုန်းကောင်းမွန်ပြီး ဈေးကွက်ဝင်သီးနှံများ မွေးမြူထုတ်လုပ်ရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း၊ စမ်းသပ်သရုပ်ပြစိုက်ပျိုးခြင်းစတဲ့ နည်းလမ်း များနဲ့ အသုံးပြုပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ ယခင်နှင့် နှိုင်းယှဉ်ဖော်ပြပါဆိုတဲ့အချက်ကို ပြောရမယ်ဆိုရင် မျိုးစေ့ခြံများရဲ့ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးမှုအနေဖြင့် ၁၉၈၅-၁၉၈၆ ခုနှစ်မှာ စပါးသီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့ (၁၀၂၂၈၃)တင်းနှင့် ပဲမျိုးစုံ(၃၇၆)တင်း၊ ဆီထွက်သီးနှံ (၂၂၀၇)တင်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ စပါးသီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့ (၁၃၀၅၅၅)တင်း၊ ပဲမျိုးစုံ(၉၅၃၆)တင်းနှင့် ဆီထွက်သီးနှံ(၅၁၁၄)တင်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ ပါတယ်။ ယခုအခါမှာ ကျွမ်းကျင်လုပ်သား ရှားပါးလာခြင်း၊ လုပ်ခနှင့် စရိတ်တွေ မြင့်တက်လာခြင်း တို့ကြောင့် မျိုးစေ့ခြံများမှာလည်း အသုံးပြုလျက်ရှိတဲ့ သီးနှံအခြောက်ခံခြင်း၊ မျိုးစေ့သန့်စင်ခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းသုံးစက်ကိရိယာများ၊ အဆောက်အဦများ ဟောင်းနွမ်းပြီးတော့ ခေတ်မမီတော့ ခြင်းတို့လည်း ကောင်း၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့် မျိုးစေ့သုံးစွဲရေး စိတ်ပါဝင်စားမှု မြင့်တက်လာပြီး မျိုးစေ့လိုအပ်ချက်များ များပြားလာခြင်းကြောင့်လည်းကောင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းမှာ ဌာနပိုင်ခြံများ ထုတ်လုပ်မှုသက်သက်ဖြင့် လုံလောက်မှုမရှိတာကို တွေ့ရပါတယ်။

သို့ဖြစ်တဲ့အတွက် မျိုးစေ့တွေ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေးအတွက် ဌာနပိုင်ခြံများမှ ထုတ်လုပ်ခြင်းပင်မက ခြံစိုက်ကွင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်ခြင်း၊ တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်လုပ်အသင်းများ ထူထောင်၍ မျိုးစေ့ထုတ်လုပ်ခြင်းနည်းလမ်း

များကို ဆောင်ရွက်သွားရန် အစီအစဥ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်တဲ့ နေရာမှာ အရည်အသွေးမီတဲ့ မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် မျိုးစေ့ထုတ်လုပ်မှု နည်းပညာများကို မိမိရဲ့စိုက်ပျိုးရေးဦးစီးဌာနမှ အပြည့်အဝကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပြီး မျိုးစေ့ထုတ် အသင်းအဖွဲ့ များနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်သူများအတွက် မျိုးစေ့ထုတ်လုပ်ငန်းများမှာလိုအပ်တဲ့ ထွန်ယက်ရေး စက်ကိရိယာများ၊ အခြောက်ခံစက်များ၊ မျိုးစေ့သန့်စင်စက်များ၊ မျိုးစေ့သိုလှောင်ရုံနဲ့ ထုပ်ပိုးစက်များကို အလွယ်တကူဝယ်ယူရရှိ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာလယ်ယာသုံး စက်ကိရိယာအရောင်း ကုမ္ပဏီများ၊ ပြည်တွင်းအရောင်းစင်တာများနဲ့ ချိတ်ဆက်နိုင်ရေးကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်တဲ့ အပြင် လိုအပ်တဲ့ ငွေကြေးအရင်းအနှီးများကို ရယူအသုံးပြုနိုင်ရေးအတွက် ပြည်တွင်းဘဏ်များမှ လည်းကောင်း၊ နိုင်ငံတကာချေးငွေများဖြင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါတယ်။

ဌာနပိုင်ခြံများနှင့် ပတ်သက်လို့ တင်ပြရမယ်ဆိုရင် ၂၀၁၄-၂၀၁၅ ခုနှစ်မှစပြီး ခေတ်မီစံပြ လယ်ယာမြေအဖြစ် ဖော်ထုတ်ခြင်းလုပ်ငန်းများဖြစ်သည့် ဧကကွက်များဖော်ထုတ်ခြင်း၊ ရေသွင်း၊ ရေထုတ် မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။ ဌာနပိုင်ခြံများအနေဖြင့် တောင်သူလယ် သမားများ ယုံကြည်အားထားရတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို စနစ် တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်တဲ့ ခေတ်မီနည်းပညာနဲ့ ပံ့ပိုးပစ္စည်း များကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နဲ့ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ရဲ့ ထောက်ပံ့မှုအကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် အရည်အသွေးကောင်းမျိုးစေ့များ တိုးတက် ထုတ်လုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်းဆိုင်ရာ နည်းလမ်းများ ကျင့်သုံးခြင်း၊ မျိုးစေ့ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပညာပေးရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်း များဖြစ်တဲ့ JICA, Korea-KSVS တို့မှ နိုင်ငံတကာမျိုးစေ့ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။ JICA မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ အရည်အသွေးပြည့်မီတဲ့ စီးပွားဖြစ် မျိုးစေ့များ ထုတ်လုပ်ခြင်းနဲ့ ဖြန့်ဖြူးခြင်းဆိုင်ရာ နည်းလမ်းများအတွက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနဲ့ ပူးပေါင်းပြီး လုပ်ဆောင်လျက်ရှိပါတယ်။

ဌာနဝန်ထမ်းများနဲ့ မျိုးစေ့ထုတ်တောင်သူများကို လိုအပ်တဲ့ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မျိုးစေ့သန့်စင်စက်နဲ့ မျိုးစေ့သိုလှောင်ရုံများကို စီမံဆောင်ရွက်လျက်ရှိတဲ့ နေရာမှာ မြို့နယ်များမှာ တည်ဆောက်ပေးခြင်းအပြင် မျိုးစေ့ထုတ်တောင်သူများရဲ့ မျိုးစေ့ထုတ်စိုက်ကွင်းများကို အရည်အသွေးကောင်း မျိုးသန့်ရရှိရေးအတွက် ကွင်းဆင်းစစ်ဆေးပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းကို ပိုမိုကောင်းမွန်စေရန်အတွက် ကိုရီးယားနိုင်ငံမှာရှိတဲ့ Korea Seed and Variety Service (KSVS) အဖွဲ့မှ မြန်မာနိုင်ငံမှာရှိတဲ့ မျိုးစေ့ အရည်အသွေး စစ်ဆေးပေးတဲ့ ဓာတ်ခွဲခန်းများမှာ ဓာတ်ခွဲခန်းများ တည်နေရာကတော့ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတို့မှာ အဆင့်မြှင့်တင်ရန်နဲ့ ဓာတ်ခွဲခန်းသုံး စက်ကိရိယာများနဲ့ လုပ်ငန်းသုံးပစ္စည်း များကို ထောက်ပံ့ပေးခြင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးခြင်း သုတေသနလုပ်ငန်းများနှင့် သင်တန်းများ ဆွေးနွေးပွဲများကို ထပ်ဆင့်တိုးမြှင့်ဆောင်ရွက်လျက် ရှိပါတယ်။ ဆက်လက်ပြီးတော့ စက်ရုံအလုပ်ရုံများ၊

သိုလှောင်ရုံများ၊ မျိုးစေ့ခြံမြေနေရာများ ငှားရမ်းခြင်းနဲ့ ပတ်သက်ပြီး စက်ရုံအလုပ်ရုံများမှာ နှစ်ကာလကြာမြင့်လာခြင်း၊ ဌာနမှ ဦးစီးဌာနအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခြင်းတို့ကြောင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်တဲ့နေရာမှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ဝန်ကြီးဌာနမှ ဖွဲ့စည်းထားတဲ့ကော်မတီအဖွဲ့များမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်များနှင့် ငှားရမ်းသက်တမ်းကာလ၊ ငှားရမ်းခနှုန်းထားပါ ထည့်သွင်းဖော်ပြလျက် စာချုပ်ချုပ်ဆို ငှားရမ်းခြင်းပဲ ဖြစ်ပါတယ်။ ငှားရမ်းခနှုန်းထားများကိုလည်း ထိုစဉ်က ဒေသကာလပေါက်ဈေးနဲ့ လျော်ညီမှုရှိအောင် စုံစမ်းရေးအဖွဲ့ဖြင့် လေ့လာပြီး စာချုပ်ချုပ်ဆိုခဲ့ခြင်းပဲ ဖြစ်ပါတယ်။ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်မှု ရှိ/မရှိကိုလည်း (၆)လ(၁)ကြိမ် ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး စာချုပ်ပါ သဘောတူညီချက်များနှင့် ကိုက်ညီမှုမရှိပါက စာချုပ်ပါ စည်းကမ်းများနဲ့ အရေးယူဆောင်ရွက်သွားမှာလည်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ငှားရမ်းရေးကာလအတွင်း သတ်မှတ်ကာလစေ့ရောက်ပြီး ငှားရမ်းခစာချုပ် ပြင်ဆင်ချုပ်ဆိုပါက ငှားရမ်းခကို ဒေသကာလပေါက်ဈေးနှင့် ခေတ်ကာလ ပေါက် ဈေးနဲ့အညီ ပြင်ဆင်သတ်မှတ်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။

မိမိရဲ့ ဝန်ကြီးဌာနအနေနဲ့ မျိုးစေ့ထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှာရှိတဲ့ ဌာနပိုင်ခြံများမှာ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းလုပ်ငန်းကို ပိုမိုအရှိန်အဟုန်မြင့်တင် ဆောင်ရွက်ကြရေးနှင့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းကို စိတ်ပါဝင်စားတဲ့ ရင်းနှီးမြှုပ်နှံလိုသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ၊ တောင်သူအစုအဖွဲ့များဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပေါ်ပေါက်လာစေရေးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမောင် ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဦးဝင်းမောင် ရဲ့ မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ တမံ(၅၅)ခုကို တည်ဆောက်ခဲ့တဲ့ နှစ်ပမာဏဟာ ဆယ်စုနှစ်(၂)ခု ကျော်ခဲ့ပြီဖြစ်တဲ့အတွက် တမံအတွင်း ဖုံးလွှမ်းလျက်ရှိတဲ့ သဲနုန်းများကို ဖယ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ တမံထိန်းသိမ်းခြင်း လုပ်ငန်းကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းမှာ ရေလှောင်တမံ(၅၅)ခု တည်ဆောက်ထိန်းသိမ်းထားရှိပြီး စိုက်ပျိုးရေ ပေးဝေရေးနှင့် ဒေသသောက်သုံးရေ သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာ မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့တဲ့ ဒေသဖြစ်တဲ့အတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ ပေးဝေနိုင်ရန်နှင့် ဒေသတွင်း စိမ်းလန်းစိုပြည်လာစေရန်အတွက် ရည်ရွယ်ပြီး ဒေသတွင်းရရှိနိုင်တဲ့ ရေအရင်းအမြစ်များကို အတတ်နိုင်ဆုံး ဖော်ထုတ်အသုံးချပြီး ရေလှောင်တမံများကို ဖြန့်ကြက်တည်ဆောက်ပေးခဲ့ပါတယ်။ ရေလှောင်တမံများ တည်ဆောက်ဖို့ရာအတွက် ဒီဇိုင်းပြုလုပ်တဲ့ နေရာမှာ ရေလှောင်တမံတည်ဆောက်မည့်နေရာရဲ့ အထက်ပိုင်းမှာရှိတဲ့ ရေဆင်းဧရိယာအကျယ်အဝန်းနဲ့

တစ်နှစ်အတွင်း ပျမ်းမျှသဲနုန်းပို့ချမှုနှုန်းတို့ကို အခြေခံပြီး ခန့်မှန်းတွက်ချက်ကာ နှစ်(၅၀)သက်တမ်း အချိန်ကာလအတွင်း စုစုပေါင်းသဲနုန်းပို့ချနိုင်မှု ထုထည်ပမာဏကို ခန့်မှန်းတွက်ချက်ပြီးတော့ တည်ဆောက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဆိုပါ သဲနုန်းပို့ချနိုင်မှု ထုထည်ပမာဏကို မူတည်ပြီး ရေလှောင် တမံ၏ ထုတ်ယူအသုံးပြုခြင်းမပြုတဲ့ ရေသေရေမှတ် (Dead Storage Level) ကိုသတ်မှတ်ကာ ၎င်းရေသေရေမှတ်၏ အထက်တွင်သာ ရေထုတ်ပြွန်ပေါက်ကို ထည့်သွင်း တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီဇိုင်းပုံစံပြုတည်ဆောက်ထားတဲ့ ရေလှောင်တမံ၏သက်တမ်း နှစ်(၅၀)ကာလ အတွင်းမှာ သဲနုန်းပို့ချမှုမှာ ကန်ရေသေရေမှတ်ထက် ကျော်လွန်ခြင်းမရှိစေရန်နှင့် ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်နိုင်မှုကို မထိခိုက်စေရန် စီမံတည်ဆောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးတွင်း မှာ တည်ဆောက်ပြီးတဲ့ရေလှောင်တမံများတွင် ရေလှောင်တမံ (၁၂)ခုကတော့ နှစ်(၂၀)သက်တမ်းနှင့် အထက်ရှိပြီး အများစုကတော့ သက်တမ်းအားဖြင့် (၁၀)နှစ်မှ (၁၅)နှစ်အထက်သာရှိပါသေးတယ်။ စလင်းမြို့နယ်အတွင်းမှာရှိတဲ့ စလင်းရေလှောင်တမံဟာ ၂၀၁၁ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့တဲ့အတွက် သက်တမ်းအားဖြင့် (၁၅)နှစ်ခန့် ရှိပြီးဖြစ်ကာ အကြီးစားရေလှောင်တမံတစ်ခုလည်း ဖြစ်ပါတယ်။ စလင်း ရေလှောင်တမံရဲ့အမြင့်မှာ (၂၂၀)ပေဖြစ်ပြီး ရေဆင်းဧရိယာ (၃၉၇)စတုရန်းမိုင်ရှိပြီး ကန်ရေပြည့်ရေပြင် ဧရိယာမှာ (၁၃၈၀)ဧက ဖြစ်ပါတယ်။ ချောင်းကြမ်းပြင်ရဲ့ ပင်လယ်မျက်နှာပြင်အမြင့်အမှတ်မှာ (R.L ၅၅၇ ပေ)ဖြစ်ပြီး ရေထုတ်ပြွန်ကြမ်းခင်းရဲ့ ပင်လယ်မျက်နှာပြင်အမြင့်အမှတ်ကတော့ (R.L ၆၅၀ ပေ) ဖြစ်တဲ့ အတွက် ချောင်းကြမ်းပြင်မှ ရေထုတ်ပြွန်ကြမ်းခင်းအထိ အမြင့်မှာ (၉၃)ပေ ရှိပါတယ်။

လက်ရှိအခြေအနေအရ စလင်းရေလှောင်တမံ၏ သက်တမ်းမှာ (၁၅)နှစ်ခန့် ရှိပြီဖြစ်သော ကြောင့်လည်းကောင်း၊ သစ်တောပြုန်းတီးမှု များလာသည်နှင့်အမျှ သဲနုန်းပို့ချမှု ပိုမိုလာသောကြောင့် လည်းကောင်း၊ တမံအတွင်း သဲနုန်းပို့ချမှု အထိုက်အလျောက်ရှိပေမယ့်လည်းပဲ ရေထုတ်ပြွန် ကြမ်းခင်းသို့ ရောက်ရှိရန် များစွာလိုအပ်နေသေးတာကို တွေ့ရပါတယ်။ ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေး ဝေမှုနှင့် ရေပိုလွှဲကို ထိခိုက်စေနိုင်မှုများမရှိသောကြောင့် လတ်တလောတွင် သဲနုန်း တူးဖော်ဖယ်ရှားခြင်း လုပ်ငန်းဆောင်ရွက်ရန် မလိုအပ်သေးပါကြောင်းနှင့် အလားတူပင် အခြားရေလှောင်တမံများမှာ သဲနုန်း ပို့ချမှုမှ ရေထုတ်ပြွန်ကြမ်းခင်းအထိ မရောက်ရှိသေးပါသဖြင့် သဲနုန်းတူးဖော်ရန် မလိုအပ်သေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ပေမယ့်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေနဲ့ တည်ဆောက် ထိန်းသိမ်းထားတဲ့ ရေလှောင်တမံများရဲ့ နောင်ရေရှည်တည်တံ့ရေးနဲ့ လုံခြုံ စိတ်ချစွာ အသုံးပြုစေနိုင်ရေးအတွက် တမံအတွင်းမှာ သဲနုန်းပို့ချမှုအခြေအနေများကို အစဉ်အမြဲ စောင့်ကြည့်စီမံကာ လိုအပ်သည့် စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး လိုအပ်လျှင် လိုအပ်သလို စီမံ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနဲ့ နှစ်စဉ် ခွဲဝေရရှိတဲ့ ရန်ပုံငွေပေါ်မှာ မူတည်ပြီး ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအတွက် ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဦးစားပေးအစီအစဉ် အလိုက် သတ်မှတ် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် (၅၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံအသစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင် က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံအသစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာ ရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မန်တုံမြို့နယ်၊ လက်ရှိ (၂၅) ခုတင်ဆံ့ကို ခုတင် (၅၀)ဆံ့ စံကိုက်ဆေးရုံအဆင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်ဟာ ကျယ်ပြန့်တဲ့ တောင်ပေါ်ဒေသတစ်ခုဖြစ်ပြီး ဧရိယာအားဖြင့် (၉၇၅)စတုရန်းမိုင်၊ အရှေ့အနောက် (၄၂)မိုင်၊ တောင်မြောက် (၃၂)မိုင်ရှိတဲ့ အင်မတန်သွားလာရေးခက်ခဲတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ မန်တုံမြို့နယ်မှာဆိုလို့ရှိရင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့အပြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း မြှင့်တင်ပေးဖို့ လိုအပ်တဲ့ဒေသတစ်ခုဖြစ်ပါတယ်။ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လာတဲ့အတွက် အခုလက်ရှိ မန်တုံမြို့မှာ ဆရာဝန်(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၁)ဦး၊ သူနာပြု (၁၀)ဦး၊ (၂၅)ခုတင်ဆံ့ဆေးရုံ (၁)ခု၊ ကျန်းမာရေးဌာန(၂)ခု၊ ကျန်းမာရေးဌာနခွဲ(၈)ခုသာရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မန်တုံမြို့နယ်ဟာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း မြှင့်တင်ပေးဖို့ အထူးလိုအပ်တဲ့ မြို့နယ်တစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန်တုံမြို့နယ်ရဲ့ ဆေးရုံအနေအထားကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် လူနာကုသမှုမှတ်တမ်းအရ ကြည့်မယ်ဆိုလို့ရှိရင်တော့ ကိုက်ညီမှုရှိမှာမဟုတ်ပါဘူး။ လူနာကုသမှုမှတ်တမ်းကို ပြန်ကြည့်မယ်ဆိုရင် ၂၀၁၄ ခုနှစ်မှာ (၈၂၃)ဦးသာ ရှိခဲ့ပေမယ့် ၂၀၁၅ ခုနှစ်မှာ (၁၇၃)ဦးပဲရှိတာကို

တွေ့ရှိရပါတယ်။ ဒီလို (၁၇၃)ဦး ရှိတဲ့အကြောင်းအရင်းဟာ ကျန်းမာရေးကောင်းမွန်လို့၊ ရောဂါဘယကင်းရှင်းလို့ မဟုတ်ပါဘူး။ အဲဒီနှစ်မှာ ဆရာဝန် သင်တန်းသွားရောက်နေတဲ့အတွက်၊ တစ်နှစ်လုံးနီးပါးဟာ ဆရာဝန်မရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ၉ လပိုင်းလောက်မှာတော့ ပြည်နယ်အစိုးရအစီအစဉ်နဲ့ အလှည့်ကျ ဆရာဝန်တစ်ဦးစီ (၁)လ (၁)ကြိမ် လာရောက် တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ မန်တုံမြို့နယ်ဟာ တခြားမြို့နယ်နဲ့ တိုက်ရိုက် ဆက်သွယ်နိုင်တဲ့သွားလာမှု မရှိပါဘူး။ လားရှိုးမြို့ကလွဲလို့ သွားလာလို့ မရပါဘူး။

ဒါကြောင့်မို့လို့ ဥပမာဆိုလို့ရှိရင် ကျွန်တော်တို့ မန်တုံနဲ့ မိုးမိတ်ဟာဆိုလို့ရှိရင် (၈၇)မိုင်သာရှိပေမယ့် လာရောက်တဲ့ဆရာဝန်ဟာ တိုက်ရိုက်မလာရောက်နိုင်ပါဘူး။ မန္တလေးကနေတစ်ဆင့် ကျောက်မဲ၊ ကျောက်မဲကနေတစ်ခါ လားရှိုး၊ လားရှိုးကနေမှ လမ်းကြောင်းအခြေအနေအရ တစ်ခါမန်တုံမြို့ကို လာရတာပါ။ အဲဒီတော့ လမ်းမပေါ်တွင် သွားလာရတဲ့အချိန်ကာလဟာ (၅)ရက်၊ တစ်ပတ်စသည်အားဖြင့် ကြာတတ်ပါတယ်။ ဒါကြောင့်မို့လို့ (၁)လ (၁)ကြိမ် လာရောက် တာဝန်ထမ်းဆောင်တဲ့ ဆရာဝန်အနေနဲ့လည်း အချိန်ပြည့် (၁)လအတွင်းမှာ တာဝန်မထမ်းဆောင်နိုင်တဲ့အတွက်ကြောင့် လူနာနည်းရခြင်းဖြစ်ပါတယ်။

အခု ၂၀၁၆ ခုနှစ်မှာ ဆရာဝန်တစ်ဦး ခန့်ထားပေးတဲ့အပြင် သွားလာရေးကလည်း အဆင်ပြေမှုအခြေအနေ အတန်အသင့်ရရှိနေပါပြီ။ မြေသားလမ်း၊ အနည်းဆုံးဆိုင်ကယ်လမ်း ရရှိနေပြီဖြစ်တဲ့အတွက် ၂၀၁၆ ခုနှစ်မှာ လူနာမှတ်တမ်းအရ ဇန်နဝါရီလကနေ အောက်တိုဘာလ အလယ်အထိဆိုရင် လူနာ (၈၆၅)ဦးရှိတဲ့အပြင် အခု ဒီဇင်ဘာလအထိ ဆိုလို့ရှိရင် (၁၁၀၀)နီးပါး ရှိတယ်လို့ သိရှိရပါတယ်။ အဲဒီတော့ ဒီလို ဆရာဝန် အချိန်ပြည့်လည်းရှိမယ်၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်နေတာဖြစ်တဲ့အတွက်ကြောင့် ရှေ့အလားအလာမှာ ဒီထက် ဆေးရုံတက်ရောက်ကုသမယ့် လူနာတွေ များပြားလာမယ့်အခြေအနေရှိတာကို ကျွန်တော် တွေ့မြင်ရပါတယ်။ ဒါကြောင့်မို့လို့လည်း မြေနေရာဆေးရုံအသစ် တည်ဆောက်နိုင်ဖို့အတွက် မြေနေရာအတွက်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့နဲ့ မြို့နယ်ကော်မတီ ပေါင်းစပ်ပြီးတော့မှ မြေနေရာလည်း စီစဥ်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီ ဒေသလိုအပ်ချက်ရှိတာနဲ့အညီ ဒီ မြေနေရာလည်း ရရှိပြီးဖြစ်တဲ့အကြောင်း၊ အဆောက်အဦအသစ် ဆောက်လုပ်ရန် လိုအပ်နေတဲ့အကြောင်း၊ ပကတိ မြေပြင်အခြေအနေမှာလည်း ကျွန်တော်တို့ အမှန်တကယ်လိုအပ်ကြောင်းကို ရှမ်းပြည်နယ် တွဲဖက်ပြည်နယ်တိုးတက်ရေးဦးစီးဌာန၊ လားရှိုးရဲ့ ၁၅-၁၂-၂၀၁၅ ခုနှစ်၊ စာအမှတ်၊ ရမ/ခွဲ-၄(၁) (ဆေးရုံ အဆင့်မြှင့်)/၂၀၁၅/၁၁၂၄ စာအရ ရှမ်းပြည်နယ်အစိုးရကိုလည်း တင်ပြထားကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ အမှန်တကယ် လိုအပ်ပြီဖြစ်နေတဲ့ (၂၅) ခုတင်ဆံ့ မန်တုံပြည်သူ့ဆေးရုံကို (၅၀)ခုတင်ဆံ့ စံကိုက်ဆေးရုံအဖြစ် စီစဥ်ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူးယစ်ဆေးစွဲဝေဒနာရှင် ကုသမှုတွင် မက်သာဒုံးဆေးအစား တိုင်းရင်းဆေးဝါးများ အခြေခံသည့် မူးယစ်ဖြတ်ဆေးများ စီစဉ်ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)က မူးယစ်ဆေးစွဲဝေဒနာရှင် ကုသမှုတွင် မက်သာဒုံးဆေးအစား တိုင်းရင်းဆေးဝါးများ အခြေခံသည့် မူးယစ်ဖြတ်ဆေးများ စီစဉ်ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုရေးရာ ကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးစွဲ ဝေဒနာရှင်များ ကုသရာမှာ မက်သာဒုံးဆေးအစား သိပ္ပံနည်းကျခေတ်မီ တိုင်းရင်းဆေးဝါး အခြေခံတဲ့ Alternative Medicine များကို မူးယစ်ဖြတ်ဆေးများအဖြစ် ထုတ်လုပ်ပေးရန် အစီအစဉ်များ ရှိ/မရှိ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းရန်ဖြစ်ပါတယ်။ ၃-၁၂-၂၀၁၄ ရက်နေ့ထုတ်တဲ့ သတင်းစာများမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပစဉ်မှာ ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားသွားရာမှာ မက်သာဒုံးဆေးရည်တိုက်ကျွေးကြောင်း သိရှိရပါတယ်။ အဆိုပါဖြေကြားချက်မှာ အဓိကအားဖြင့် မူးယစ်ဆေးစွဲ ဝေဒနာရှင်များကို မက်သာဒုံးဆေးရည် တိုက်ကျွေးတယ်ဆိုတော့ မက်သာဒုံးဆေးရည်ကလည်း Heroin ဘိန်းဖြူစွဲသလို ဆေးစွဲစေတဲ့ မူးယစ်ဆေးအပျော့စားတစ်မျိုးဖြစ်ပြီး နာကျင်ခြင်းလျော့နည်းဖို့ မူးယစ်ဆေးစွဲသူများကို မူးယစ်ဆေးပြန်ပေးနေရတဲ့သဘော ဖြစ်နေပါတယ်။

ဒီနေရာမှာ ပုဂံခေတ်သမိုင်းတင်ကာလကတည်းက မိမိပြည်သူများကို ကျန်းမာရေးကဏ္ဍက စောင့်ရှောက်လာခဲ့တဲ့ အမျိုးသားရေးဆေးပညာ တိုင်းရင်းဆေးကို အားထားသင့်ကြောင်း ဆွေးနွေးလိုပါတယ်။ လွတ်လပ်ရေးမရသေးတဲ့ ၁၉၂၆ ခုနှစ်ကာလ ပုဂံဒေသက ဦးချစ်စယာကုန်းက တူးဖော်တွေ့ရှိရတဲ့ မြေပုံဘုရားများနောက်ကျောဘက်မှာ စားသုံးနိုင်တဲ့သီးနှံ (၃၉)မျိုးနဲ့ ဆေးဖက်ဝင်အပင်ပေါင်း(၄၇)မျိုး ဖော်ပြထားရှိရာမှာ စိတ်ဝင်စားစရာကောင်းတဲ့ အဆိပ်နဲ့ မူးယစ်စေတတ်တဲ့ ဝေဒနာများကိုကုသနိုင်တဲ့ ဆေးပင်(၉)မျိုးပါရှိနေတာ တွေ့ရှိရပါတယ်။ ထိုစဉ်ကတည်းက ခိုင်မာစွာ အခြေတည်ခဲ့တဲ့ တိုင်းရင်းဆေးပညာရပ်ဟာ ပုဂံသူ၊ ပုဂံသားတို့ကို စောင့်ရှောက်နေပြီဖြစ်တယ်ဆိုတာ ထင်ရှား သိသာစေပါတယ်။ ယနေ့ လူသားတို့ရဲ့ အန္တရာယ်ဖြစ်နေတဲ့ ဘိန်းနဲ့ ဆေးရွက်ကြီးတို့ဟာ ထိုစဉ်က မြန်မာနိုင်ငံကို မရောက်သေးဘဲ Papaver Somniferum ခေါ်တဲ့ Opium ဘိန်းနဲ့

ဆေးရွက်ကြီး (Nicotiana Tabacum) Tobacco က ပဒုံမင်းလက်ထက် ၁၆၃၇ နောက်ပိုင်းနဲ့ ၁၇၈၂ နောက်ပိုင်းမှာမှ အမိန့်တော်ပြန်တမ်းတွေမှာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံ ဆေးပညာနယ်ပယ်မှာ Ready made အရန်သင့်သုံး ဆေးဝါးတွေကိုသာ မှီခိုလွန်းအားကြီးပြီးတော့ ဆေးသုတေသနကဏ္ဍ လုပ်ဆောင်မှုအားနည်းနေတာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးစွဲသူများက ၎င်းဝေဒနာရှင်များကို ကုသရာမှာ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့က Phytopharmacologist အပင်ဆေးဝါးဗေဒပညာရှင်တွေက ဘိန်းပင်ကြောင့် အဆိပ်သင့်စေတဲ့ ဝေဒနာအမျိုးအစားကို အခြားအပင်ထွက်ပစ္စည်းများနဲ့ ကုသခြင်းဟာ တည်ဆောက်ဓာတုဗေဒ Synthetic Chemical Drugs တွေနဲ့ ကုသခြင်းထက် အန္တရာယ်ကင်းပြီးတော့ နာလန်ထမြန်စေခြင်းနဲ့ လုံးဝဆေးစွဲခြင်းဝေဒနာမပြတာကို တွေ့ရှိရကြောင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ ယခုအခါ တရုတ်နိုင်ငံမှာ ဆေးစွဲသူကို ဖူကန်ဖြတ်ဆေးနဲ့ ဗီယက်နမ်နိုင်ငံမှာ ဟီယမ်းတော့စ်ဖြတ်ဆေးနဲ့ ဖြတ်ဆေးတို့ဟာ သိပ္ပံနည်းကျ တိုင်းရင်းဆေးဝါးများကို အသုံးပြုပြီး ဖော်စပ်ထားတဲ့အတွက် UNODC ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ကလည်း ပံ့ပိုးကူညီနေကြောင်း သိရှိရပါတယ်။

အဆိုပါအနေအထားတို့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့က Park Royal Hotel နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ် ရေးဆွဲရေးလမ်းပြမြေပုံ (Road Map) အတွက် ရှင်းလင်း ဆွေးနွေးစဉ်က ကျွန်တော်တို့ ကိုယ်စားလှယ်အချို့ကို သက်ဆိုင်ရာကဖိတ်ကြားလို့ အဆိုပါမူးယစ်ဆေးစွဲသူများ ကုခန်းကဏ္ဍမှာ တိုင်းရင်းဆေးပညာရပ်ကို သုတေသနပြုလုပ်ပြီး အားထားသင့်ပါကြောင်း ကျွန်တော် တင်ပြခဲ့တာကို မှတ်တမ်းတင်ခဲ့ပါတယ်။

သို့ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ တိုင်းရင်းဆေးတက္ကသိုလ် ဆေးသုတေသနဌာနက မူးယစ်ဆေးဝါးကဏ္ဍအတွက် ဆေးဝါးသစ်များ ဖော်ထုတ်ပေးနိုင်ရန် အစီအစဉ်များ ရှိ/မရှိ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မဘောလုံးကွင်း ပွဲကြည့်စင်အား နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် က ရှမ်းပြည်နယ် တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မဘောလုံးကွင်း ပွဲကြည့်စင်အား နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်အတွင်းရှိ လဲချားမြို့နယ်၊ မြို့မဘောလုံးကွင်းသည် လဲချားမြို့ အမှတ်(၄) ရပ်ကွက်အတွင်းတည်ရှိပြီး ကွင်းပတ်ပတ်လည်ကိုလည်း ဈေးဆိုင်၊ တိုက်ခန်းများ၊ အုတ်တံတိုင်းများဖြင့် စနစ်တကျ ကာရံထားသော စံချိန်ကိုက်အကျယ်အဝန်းရှိ မြို့မအားကစားကွင်း ဖြစ်ပါတယ်။ ယခုတွင် အားကစားကွင်းကို နိုင်ငံတော်ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင် ထိန်းသိမ်းထားပြီး လဲချားမြို့နယ်၊ အားကစားဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသော အားကစားကွင်းလည်း ဖြစ်ပါတယ်။

အဆိုပါ အားကစားကွင်းသည် မြို့လယ်ခေါင်တွင်တည်ရှိပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာ ယခင်အစိုးရ အဆက်ဆက်ကတည်းက တည်ရှိသော ရာသီမရွေးကစားနိုင်သော မြို့မအားကစားကွင်း ဖြစ်ပါသည်။ နေ့ထူးနေ့မြတ်အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲများကိုလည်း နှစ်စဉ် ကျင်းပလာခဲ့ပါသည်။ ယခင်က ခရိုင်အဆင့်၊ မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲများပင် ကျင်းပခဲ့သည့် အစဉ်အလာရှိသော မြို့မအားကစားကွင်းလည်း ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ခန့်က သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ဘောလုံးပွဲကြည့်စင် ရှိခဲ့သော်လည်း နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်သဖြင့် ယခုတွင် ဆွေးမြည့်ပျက်စီးသွားပြီး ဖြစ်ပါသည်။ ပွဲကြည့်စင်အား မြို့နယ်လူထုအနေဖြင့် ကိုယ်ထူကိုယ်ထ ပြန်လည်ဆောက်လုပ်နိုင်ခြင်း မရှိသဖြင့် ယခုအချိန်တွင် အားကစားပြိုင်ပွဲများကို လည်းကောင်း၊ ဘောလုံးပြိုင်ပွဲများကိုလည်းကောင်း ကြည့်ရှုအားပေးသည့် ပရိတ်သတ်များသည် မိုးထဲ လေထဲတွင် ဖြစ်သလို ကြည့်ရှု အားပေးခဲ့ရသည်မှာ နှစ်ပေါင်း(၁၀)ခန့် ရှိပြီဖြစ်ပါသည်။ မြို့နယ် အားကစားကွင်းအား ယခုတွင် နိုင်ငံတော်ရန်ပုံငွေဖြင့် ပြန်လည် ပြုပြင်ထိန်းသိမ်းထားပြီးဖြစ်သဖြင့် အားကစားပြိုင်ပွဲများအား ပြည်သူလူထုများမှ အမိုးအကာအောက်တွင် စိတ်အေးလက်အေး ကြည့်ရှု အားပေးနိုင်ရန်အတွက် အားကစားပွဲကြည့်စင်မှာ မရှိ မဖြစ် အမှန်တကယ်လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မအားကစားကွင်းတွင် အားကစားပွဲကြည့်စင်အား နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် (၂၅)ခုတင် ပြည်သူ့ဆေးရုံအား

ခုတင်(၅၀) စံကိုက်အဆင့် တိုးမြှင့်ပေးရေးနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေကြားပါမယ်။ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် လူဦးရေ(၃၈၀၀၀) နေထိုင်လျက်ရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ (၂၅)ခုတင် ဆေးရုံ(၁)ရုံနဲ့ တိုက်နယ်ဆေးရုံ(၁)ရုံ ရှိပါတယ်။ နမ်ဟိုင်းတိုက်နယ် ဆေးရုံကိုတော့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ခွင့်ပြုမိန့် ရပြီးဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ငွေသန်း(၂၀၀) တောင်းခံထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ မန်တုံမြို့နယ် ကတော့ ခက်ခဲတဲ့နေရာ၊ သွားလာရေးခက်ခဲပါတယ်။

သို့သော်လည်း ကျွန်တော်တို့အနေနဲ့ကတော့ ဒီ Technical Perspecitve အနေနဲ့ကတော့ ပြန်လည်လေ့လာကြည့်တဲ့အခါမှာတော့ မန်တုံမြို့နယ်ဆေးရုံတွင် တစ်နေ့ ပျှမ်းမျှလူဦးရေဟာ ၂၀၁၁ ခုနှစ်မှာ (၂)ဦး၊ ၂၀၁၂ ခုနှစ်မှာ (၁)ဦး၊ ၂၀၁၃ ခုနှစ်မှာ (၃)ဦး၊ ၂၀၁၄ ခုနှစ်မှာ (၇)ဦး၊ ၂၀၁၅ ခုနှစ်မှာ (၁)ဦး၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအထိတော့ (၁၀)ဦးရှိကြောင်း (၆)နှစ်စာ ပျှမ်းမျှအနေနဲ့ (၄)ဦးပဲ ရှိပါတယ်။ ဆေးရုံခုတင် ခွင့်ပြုအသုံးချမှုနှုန်းမှာလည်း ၂၀၁၁ ခုနှစ်မှာ (၈.၃)ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်မှာ (၃) ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ (၁၃.၉)ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ (၂၉.၈)ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ (၅.၅) ရာခိုင်နှုန်းနဲ့ ၂၀၁၆ ခုနှစ်မှာတော့ (၄၀.၃)ရာခိုင်နှုန်း တက်လာကြောင်း တွေ့ရပါတယ်။ (၆)နှစ်စာ ပျှမ်းမျှကတော့ (၁၆.၈)ရာခိုင်နှုန်းသာ ရှိပါတယ်။ ဆေးရုံ၏ အတွင်းလူနာလူဦးရေ ခွင့်ပြုခုတင်အသုံးချမှုနှုန်းကလည်း အလွန်နည်းပါးတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ ဒီ Criteria အရ ဆိုလို့ရှိရင်တော့ ဒီဆေးရုံကို တိုးဖို့မလိုသေးပါဘူး။ အဓိက Criteria က(၆)ခု ရှိပါတယ်။ Inpatient က လွန်ခဲ့တဲ့ (၅)နှစ်အတွင်း တဖြည်းဖြည်းတက်လာရမယ်။ ဆေးရုံအညွှန်းကိန်းများဟာ (၅)နှစ်အတွင်း တဖြည်းဖြည်း တက်လာရမယ်။ တစ်နေ့ ပျှမ်းမျှလူနာဦးရေသည်၊ ခုတင်အရေအတွက်သည် သူ့ရဲ့ရာခိုင်နှုန်း (၂၅) ခုတင်ဆို (၂၅)ခုတင်ထက် များရမယ်။ ခုတင်(၅၀)ဆို ခုတင်(၅၀)ထက် များရမယ်။ နောက် ဆေးရုံခွင့်ပြု ခုတင် အသုံးချမှုနှုန်းဟာ အနည်းဆုံး (၁၅၀)ရာခိုင်နှုန်းလောက်အထိ ရှိရမယ်။

နံပါတ်(၆)ဖြစ်တဲ့ ဒီ ပျှမ်းမျှ ဆေးရုံတက်ရက်ကလည်း အနည်းဆုံး(၁၀)ရက်ထက် မကျော်ရပါဘူး။ ဒါတွေမပြည့်လို့ရှိရင်တော့ ဒီဆေးရုံအနေနဲ့ကတော့ ခုတင်(၅၀)ကို တက်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့က ဒီ ခုတင်(၅၀)ကို တက်လိုက်မယ်ဆိုလို့ရှိရင် ဝန်ထမ်းအားဖြင့် (၂၅) ခုတင်ဆံ့ဆေးရုံမှာဆို (၅၅)ယောက်ရှိပါတယ်။ ခုတင်(၅၀)ကို တိုးမယ်ဆိုရင် (၈၁)ယောက် ရှိပါတယ်။ ဒီ တိုးတာ (၃၀)တိုးသော်လည်း ဆရာဝန်အနေနဲ့ကတော့ (၂)ယောက်ပဲ တိုးပါမယ်။ သူနာပြုအနေနဲ့ ကလည်း (၆)ယောက်လောက်ပဲ တိုးပါမယ်။ အဓိက ကတော့ ဒီ (၂၅)ခုတင် ရှိတဲ့ဆေးရုံမှာ ကျွန်တော်တို့ အနေနဲ့က ဆရာဝန်ဖြည့်ဖို့ လိုပါတယ်။ နောက် ပစ္စည်းတွေ၊ ကိရိယာတွေ ဖြည့်ဖို့လိုပါတယ်။ အဲဒီတော့ ဆရာဝန်ဖြည့်ဖို့လိုတယ်ဆိုရင် ကျွန်တော်တို့ ဒီ မန်တုံဆေးရုံပေါ့။ မန်တုံဆေးရုံကို လေ့လာတဲ့ အခါမှာ (၅၅)ဦးမှာ ကျွန်တော်တို့က (၂၇)ဦးနဲ့ လုပ်နေပါတယ်။ ဒါပေမဲ့ ဒီ (၅၅)ဦးမှာ ကျွန်တော်တို့က (၂)ပိုင်းရှိပါတယ်။ တစ်ပိုင်းက ဆေးရုံဆေးကုသမှုနဲ့ ပတ်သက်တဲ့ဝန်ထမ်း၊ နောက်တစ်ခုက အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့ဝန်ထမ်း ရှိပါတယ်။ အဲဒီတော့ ဆေးကုသမှုနဲ့ ဆေးရုံအထောက်အကူပြုမှု ဝန်ထမ်းအနေနဲ့ ကတော့ (၂၈)ဦးရှိပြီးတော့ (၅၁)ရာခိုင်နှုန်းရှိပြီး အုပ်ချုပ်ရေးဝန်ထမ်းတွေကတော့ (၂၇)ဦး ရှိပြီးတော့ (၄၁)ရာခိုင်နှုန်းရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့က ဒီကိစ္စမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ဆရာဝန် မရှိလို့ လူနာနည်းတာလည်း ဖြစ်နိုင်တယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က ဒါကို စောင့်ကြည့်ဖို့ လိုပါတယ်။ ဥပမာ ဆရာဝန်နည်းတာ ဆိုတာမှန်ပါတယ်။ လက်ထောက်ဆရာဝန် (၄)ဦးရှိတဲ့နေရာမှာ (၁)ဦးပဲ ရှိပါတယ်။ မြို့နယ်ဆရာဝန်လည်း မရှိဘူးဖြစ်နေပါတယ်။ အဲဒီတော့ ဒီကိစ္စကို ကျွန်တော်က အမြန်ဆုံး ဒီလက်ထောက်ဆရာဝန်နဲ့ မြို့နယ်ဆရာဝန် ရှိအောင်တော့လုပ်မယ်။ လုပ်ပြီးတော့ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇-၂၀၁၈ မှာကြည့်မယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်လောက်ပဲ ကျွန်တော်တို့ စောင့်ကြည့်လို့ ရပါတယ်။ စောင့်ကြည့်လို့ ခုတင်အသုံးပြုနှုန်းဟာလည်း (၁၅၀)တက်လာမယ်။ အတွင်းလူနာ၊ အပြင် လူနာလည်း အရမ်းများလာမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ခုတင်(၅၀)ကို ပေးဖို့ဝန်မလေးသော်ငြား လည်း ခုတင်(၅၀) ပေးလိုက်လို့ရှိရင် ဆရာဝန် နောက်ထပ်(၂)ဦးပဲတိုးမယ်။ သူနာပြု(၆)ဦးလောက်ပဲ တိုး မှာပါ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ (၅၀)ခုတင်မှာတင် ဝန်ထမ်းပြည့်၊ အင်အားပြည့်၊ ဆေးကိရိယာပြည့်နဲ့ လုပ်ဆောင်လို့ရှိရင် ပိုပြီးတော့မြန်ဆန်၊ ပိုပြီးတော့ထိရောက်မယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီဆေးရုံကို စောင့်ကြည့်ပါမယ်။ စောင့်ကြည့်ပြီးတော့ လိုအပ်တဲ့ဥစ္စာကို ကျွန်တော်တို့ ဆက်လုပ်ပေးပါမယ်။ ဒီအချိန်မှာတော့၊ လောလောဆယ်ကာလမှာတော့ ကျွန်တော်တို့ မတိုးသေးပါဘူးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)ရဲ့ မေးခွန်းကတော့ အလွန့်အလွန်ပဲ အရေးကြီးပါတယ်။ နိုင်ငံအတွက်၊ တိုင်းရင်းဆေးလောကအတွက်လည်း အလွန်အရေးကြီးတဲ့အတွက် ကျွန်တော် (၂)မိနစ်၊ (၃)မိနစ်ခန့်တော့ ပိုမယ်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပထမဆုံးပြောချင်တာကတော့ တိုင်းရင်းဆေးလောကကြီးကို တိုးတက်မယ်ဆိုလို့ရှိရင် သုတေသနမလုပ်ဘဲနဲ့ နောက်ထပ် နှစ်(၁၀၀)သွားရင်လည်း မတိုးတက်ဘူး။ အဓိကသည် တိုင်းရင်းဆေးမှာ သုတေသနနဲ့ ယှဉ်တွဲရမယ်။ ဆိုလိုတာက တိုင်းရင်းဆေးသည် ထိရောက်မှု ရှိ/မရှိ၊ အန္တရာယ် ရှိ/မရှိ ဒီကိစ္စတွေကိုသိဖို့က သုတေသနလုပ်ရမယ်။ ကျွန်တော့်အနေနဲ့ သုတေသနလုပ်ငန်းကိုတော့ အားဖြည့်လုပ်ဖို့ ကျွန်တော်တို့ လုပ်မှာပါ။ ဒီ မက်သာဒုံးအစား ကျွန်တော်တို့က မက်သာဒုံးမပြောခင် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာက ဒီ မက်သာဒုံးတို့ ဆိုတာက မက်သာဒုံးကို မူးယစ်ဆေးနဲ့ ပြန်ဖြတ်ရတယ်ဆိုတာ ဒါမျိုးပဲလုပ်ရတယ်။ ကျွန်တော်တို့ ချက်ချင်းဆိုသလို ဖြုန်းကနဲ 430 Treatment လို့ခေါ်ပါတယ်။ ဖြတ်လို့မရဘူး။ တဖြည်းဖြည်းချင်း ဖြတ်ရတယ်။ တချို့ဆေးတွေဆိုလို့ရှိရင် Prednisolone ဆိုရင်လည်း တဖြည်းဖြည်းချင်း လျှော့ရတယ်။ ဖြုန်းကနဲရပ်လို့ရှိရင် ကျွန်တော်တို့ Withdrawal Symptoms ခေါ် ရင်းထတယ်လို့ ခေါ်မှာပေါ့။ အမျိုးမျိုးရောဂါတွေ Symptoms တွေ ပေါ်လာတတ်ပါတယ်။ အဲဒါကြောင့် ဖြည်းဖြည်းချင်း ဖြတ်ရ တာပါ။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပြန်ပြီးလေ့လာတဲ့အခါမှာ ၁၉၉၉ ခုနှစ်မှာ ပုသိမ်မြို့မှာရှိတဲ့ တိုင်းရင်းဆေးသုတေသနညီလာခံမှာ ဆိုလို့ရှိရင် ရှမ်းပြည်နယ်မှာ စာတမ်းရှင် ဦးခင်မောင်ဟိန်း ကနေ ဒီ ယာခဲဆေးပင်ဖြင့် ဘိန်းဖြတ်ပြီးသူများ စာတမ်းကိုလည်း ဖတ်ခဲ့ပါတယ်။ ထို့အပြင် ၂၀၀၄ ခုနှစ် ကနေပြီးတော့ ၂၀၁၁ ခုနှစ်အထိ Community Development Initiative

(CDI) ကနေပတ်သက်ပြီးတော့ စုံစမ်းသိချင်တယ်ဖြစ်တဲ့အတွက် တောင်ကြီး စပ်စံထွန်းဆေးရုံမှာလည်း ဒီယာခဲနဲ့ ဒီမူးယစ်ဆေးကိုဖြတ်တာ လုပ်ခဲ့ပါတယ်။

ထို့အပြင် ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ မှာလည်း တောင်ကြီးစပ်စံထွန်းဆေးရုံမှာပဲ Drug Treatment Centre မှာ လူ(၆၃)ဦးအား ဒီယာခဲနဲ့ဖြတ်ဖို့ Clinical Trial ကျွန်တော်တို့လုပ်ခဲ့တာ တွေ့ရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာလည်း ဒီကိစ္စတွေ လုပ်ထားတာတွေ့ရတယ်။ သို့သော် ဒီ(၃)ခု Clinical Trial (၃)မှာ လုပ်တာက တစ်ပိုင်းတစ်စ အတိုင်းအတာတစ်ခုပဲ သိပါတယ်။ ဆိုလိုတာက ဒီဆေးတွေကို သုံးသင့်၊ မသုံးသင့် ဆက်လက် သုံးသင့်၊ မသုံးသင့် ကျွန်တော်တို့က Confidence ရှိရှိ ပြောဖို့ဆိုရင် သုတေသန မလုပ်လို့မရပါဘူး။ ဒီတိုင်းရင်းဆေးမှာ ဒီသုတေသနကို ပြောင်းလုပ်မယ် ဆိုရင် ကျွန်တော်တို့က Principal of Clinical Trial ဆိုတာရှိပါတယ်။ အဆင့်(၄)ဆင့် ရှိပါတယ်။ ကျွန်တော်လေ့လာတဲ့အခါမှာ ဒီလုပ်ခဲ့တဲ့ တောင်ကြီးမှာ၊ ပုသိမ်မှာ ဖတ်တဲ့စာတမ်း စပ်စံထွန်းဆေးရုံမှာ လုပ်တဲ့စာတမ်းအတိုင်း Clinical Trial (၄)ဆင့်ကို သူတို့ လုပ်မထားပါဘူး။ Clinical Trial အနည်းဆုံး ပထမ(၃)ဆင့်ကို လုပ်ပြီးမှသာလျှင် ဒီဆေးတစ်ခုသည် သုံးသင့်၊ မသုံးသင့်ဆိုတာကို ကျွန်တော်တို့က ယတိပြတ် ဆုံးဖြတ်လို့ရပါတယ်။ တိုင်းရင်းဆေးသုတေသနကတော့ အနောက်တိုင်းဆေးသုတေသနနဲ့ နည်းနည်းကွာတာကတော့ သူတို့မှာ Challages တွေ၊ စိန်ခေါ်မှုတွေ၊ ထူးခြားမှုတွေ ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့လည်း သိပါတယ်။ တိုင်းရင်းဆေး သုတေသနလုပ်မယ်ဆိုရင် အနောက်တိုင်းဆေး သုတေသနလုပ်တဲ့ အဲဒီလောက်အထိ တိကျမှုကို နည်းနည်းလေး ကျွန်တော်တို့ လျှော့ပေးရတယ်ခင်ဗျား။ အဲဒီလောက်ကြီးတော့ ကျွန်တော် လုပ်လို့မရဘူး။ ဒီမှာကြည့်မယ်ဆိုရင် အဆင့်(၁)အနေနဲ့က (၄)ဆင့်ရှိတဲ့အထဲမှာ အဆင့်(၁)အနေနဲ့က ဥပမာဆိုရင် ယာခဲသည် အန္တရာယ် ရှိလား၊ မရှိလား Safety ဖြစ်လား၊ မဖြစ်လား၊ Dosing က ဘယ်လောက်လဲ၊ ယာခဲကို ဘယ်လောက် လျှာထားရမလဲ။ (၁)မီလီဂရမ် ပေးရမလား။ (၅)မီလီဂရမ် ပေးရမလား။ (၁၀)မီလီဂရမ် ပေးရမလား၊ ဘယ်နှစ်ရက်ပေးရမလဲ။ ဒါတွေကို ကျွန်တော်တို့ စမ်းသပ်ရပါမယ်။ နောက်တစ်ခုက Side Effect ဘာရှိလဲ၊ ယာခဲသုံးလို့ရှိရင် ဘာတွေဖြစ်မလဲ။ အဲဒီအဆင့် အဲဒီအချက်(၃)မျိုးကို သိဖို့ဆိုရင် အဆင့်(၁) ကျွန်တော်တို့ လုပ်ရပါတယ်။ ကျွန်တော်တို့ အခုက အဆင့်(၁)တောင်မှ မရှိတဲ့ပုံစံ ဖြစ်နေပါတယ်။

အဆင့်(၂)အနေနဲ့ကတော့ လူအုပ်စုကြီးကြီးမှာ ကျွန်တော်တို့ လုပ်ရမယ်။ အဆင့်(၂)လုပ်ဖို့ ဆိုရင် လပေါင်းများစွာ (၂)နှစ်လောက်အထိ အဲဒီလောက်ကြာပါတယ်။ ဒီအဆင့်(၂)မှာတော့ ယာခဲနဲ့ ကျွန်တော်ပြောတာပါ။ ယာခဲသည် တကယ်ပဲ Effective ဖြစ်လား။ သူ့ရဲ့ Safety ကဘယ်လောက် ဖြစ်လဲဆိုတာ Evaluate လုပ်ရပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က ဒါကတော့ Randomized Control Trial လုပ်ရပါတယ်။ အဲဒါလုပ်ပြီးမှသာလျှင် ကျွန်တော်တို့က သိပြီ၊ ယာခဲ သည် ဒါကို ဆေးဖြတ်လို့ရတယ်။ Effective လည်းပဲဖြစ်တယ်။ အကုန်လည်း ကောင်းတယ်ဆိုရင် ကျွန်တော်တို့က အဆင့်(၃)ကို သွားရပါတယ်။ အဆင့်(၃)ဆိုတာ အလွန်ကြီးတဲ့ Group ကြီး၊ လူ(၁၀၀)၊ (၁၀၀၀) လောက်ရှိတဲ့ Group မှာ Randomized Control Trial လုပ်ရပါတယ်။ လုပ်တဲ့အခါမှာ ကျွန်တော်က ယာခဲကိုပေးတဲ့လူသည် ပေးအပ်ခဲ့တာ ယာခဲလား၊ မက်သာဒုံးလားမသိဘူး။ ကျွန်တော်က သုတေသနသမားကလည်း ယာခဲလား၊ မက်သာဒုံးလားမသိဘူး။ ဒီထွက်လာတဲ့စာရင်းဇယားကို လေ့လာသုံးသပ်မယ့်လူဟာလည်း မသိဘူး။ အဲဒီ(၃)ခုကို Triple Blind လုပ်လို့ရှိရင် ဒါ မှန်ကန်တဲ့

အဖြေရမယ်။ ဘာကြောင့် ကျွန်တော် ဒီလိုပြောသလဲဆိုရင် ကျွန်တော်က သိနေတယ်ဆိုလို့ရှိရင် ယာခဲကို သုံးလို့ရှိရင် လှည့်နိုင်တယ်။ အလားတူပါပဲ၊ လူနာတွေနဲ့ကလည်း ယာခဲကောင်းတယ် မကောင်းဘူး ဆိုတာ သူတို့မှာသိလို့ရှိရင် တစ်မျိုးပြောလို့ရတယ်။ Symptom ဖြစ်တယ်ဆိုရင်လည်း မဖြစ်ဘူး ပြောမယ်။ ဖြစ်တာကို မဖြစ်ဘူး ပြောတယ်၊ မဖြစ်တာကို ဖြစ်တယ် ပြောတယ်။ ဒါကြောင့် Triple blind နဲ့ လုပ်ပါတယ်။ ဒီအဆင့်တွေက လုံး၀ မရှိသေးပါဘူး။ မရှိသေးဘဲနဲ့ ကျွန်တော်က တိုင်းရင်းဆေးနဲ့ သွားပြီးတော့ ဒီဥစ္စာကို သွားပြီးတော့ လုပ်လို့မရပါဘူး။ အဲဒီတော့ ဒီအဆင့်(၃)ဆင့်လုပ်ရတာ၊ အနည်းဆုံး အဆင့်(၃)ဆင့်လုပ်တဲ့အပြင် လုပ်ပြီးလို့ရှိရင် အဆင့်(၄)၊ နောက်ဆုံးအဆင့်က ဘာလဲဆိုရင် ယာခဲကိုသုံးဖို့ ဆုံးဖြတ်လိုက်ပြီဆိုလို့ရှိရင် Post Marketing Surveillance နဲ့ လုပ်ရပါတယ်။ ယာခဲ သုံးနေတဲ့လူ တော်တော်များများ ဘာများဖြစ်လာသလဲ။ Long Term ပေါ့။ Short Term (၂)လ၊ (၃)လ မဖြစ်သော်လည်း ယာခဲသုံးပြီးတော့ နောက်ထပ် (၃)နှစ်ကြာတဲ့အခါကျမှ ကင်ဆာဖြစ်လာတယ်။ ဒါမျိုးဆိုရင် ကျွန်တော်တို့က ပြန်ပိတ်ရပါတယ်။ ကျွန်တော်တို့ အဆင့်(၄)ဆင့်လုပ်ပြီးမှ ယာခဲကို သုံးသင့်၊ မသုံးသင့်၊ တိုင်းရင်းဆေးကို သုံးသင့်၊ မသုံးသင့် ကျွန်တော် ဆုံးဖြတ်ရမှာပါ။ ဒီအဆင့် (၃)ဆင့် ကလည်း မပြီးသေးပါဘူး။

ထို့အပြင် ဒါမျိုးလုပ်တဲ့အခါမှာ ကျွန်တော်တို့ အရမ်းလုပ်လို့မရပါဘူး။ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး ပြောမယ်ဆိုရင် (ICH,GCP) ပေါ့နော်။ (ICH,GCP) Internation Conference of Harmonization က ထွက်ထားတဲ့ Good Clinical Practice ၁၉၉၆ ခုနှစ်က ဒီ Guideline အနေနဲ့အမီ Ethical Perspectives အရ ဖြစ်၊ မဖြစ် ကြည့်ပြီးတော့ လေ့လာရပါတယ်။ ကျွန်တော် ဒါကို လုပ်တော့မယ်။ သေသေချာချာ ကျွန်တော်တို့ Scientifically အရ ကျွန်တော်တို့ လုပ်မှာပါ။ ဘာလို့လဲဆိုတော့ Preliminary အရင်တုန်းကလုပ်ထားတဲ့အဖြေတွေကို ကြည့်တဲ့အခါမှာ အခြေအနေ ကောင်းတယ်။ သုံးနိုင်တဲ့အလားအလာရှိတာကို ကျွန်တော်တို့က တွေ့ရပါတယ်။ အဲဒါကြောင့် ဒီနေရာမှာ ကျွန်တော် တစ်ခု လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ပြောချင်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းဆေးမှာ ကြည့်တဲ့အခါမှာ သုတေသနလုပ်ဖို့ ဌာနစုက အလွန့်အလွန် အားနည်းတယ်။ ကျွန်တော်လည်း ညွှန်ကြားရေးမှူးချုပ်ကြီးကို ပြောပါတယ်။ ကျွန်တော် တိုင်းရင်းဆေးရုံတွေကို (၆)ရုံလောက် ကြည့်ပြီးပါပြီ။ သူတို့ရဲ့ ကုသပုံ ကုသနည်း၊ လူနာမှတ်တမ်းရဲ့ရေးပုံက အလွန့်အလွန် ကောင်းပါတယ်။ ဒါ ဘယ်လောက်ပင်ကောင်းငြားသော်လည်း ဒါကို သုတေသနနဲ့မယှဉ်ရင် တိုင်းရင်း ဆေးသည် ကောင်းလား၊ မကောင်းဘူးလား၊ ထိရောက်မှု ရှိလား၊ မရှိဘူးလား ကျွန်တော်တို့ ဘယ်လိုမှ မသိနိုင်ပါဘူး။

အဲဒါကြောင့် ဒီသုတေသနယူနစ်ကိုလည်း တိုင်းရင်းဆေးမှာ မြှင့်ဖို့ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ် က ဒီနေ့ပဲ တင်ပါတယ်။ တင်တဲ့အပြင် ဒါကို ကျွန်တော် တင်တာကိုမစောင့်ဘူး။ ဘာကြောင့်လဲ၊ တင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ စိစစ်တိုးတင်ရမယ်။ ဟိုတင်၊ ဒီတင်ဆိုရင် အများကြီး ကြာမယ့်အတွက် ကျွန်တော်တို့ ဆေးသုတေသနဦးစီးဌာန ရန်ကုန်မှာရှိပါတယ်။ ပြင်ဦးလွင်မှာ သူ့ဌာနခွဲ ရှိပါတယ်။ အဲဒီမှာ သက်ဆိုင်တဲ့လူတွေကို ချက်ချင်းပဲ တိုင်းရင်းဆေးကို Attach လုပ်ရင် လုပ်မယ်။ တိုင်းရင်းဆေး ညွှန်ကြားရေးမှူးချုပ် အောက်မှာပဲ ကျွန်တော်လုပ်မှာပါ။ သို့မှသာလျှင် တိုင်းရင်း ဆေးကြီးက တိုးတက်မယ်။ သို့မဟုတ်ရင် နောက်ထပ် နှစ်(၁၀၀)သွားလည်း တိုင်းရင်းဆေးကြီးက

ဒီတိုင်းပဲ ဖြစ်မှာဖြစ်တဲ့အတွက် ကျွန်တော် ဒါတွေကို အထူးပြုပြီးတော့လုပ်ဖို့ ကျွန်တော်လည်း ဒီနေရာမှာ တင်ပြပါတယ်။ ကျွန်တော့်အနေနဲ့လည်း သုတေသနကို စိတ်ဝင်စားတဲ့သူတစ်ဦးဖြစ်တဲ့ အတွက် ဒါမျိုးလုပ်ပေးမယ်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးအား ဒီနေရာမှာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ကျွန်တော့်အနေနဲ့ တတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မဘောလုံးကွင်း ပွဲကြည့်စင်အား နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားပါမယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မဘောလုံး အားကစားကွင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဘတ်ဂျက်ငွေလုံးငွေရင်းစရိတ်မှ လဲချားမြို့နယ် ဘောလုံးကွင်းအား ပြုပြင်ခြင်း လုပ်ငန်းအတွက် ကျပ်(၁၂)သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။

ထို့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဘတ်ဂျက်ငွေလုံးငွေရင်းအသုံးစရိတ်မှ လဲချားမြို့နယ် ဘောလုံးကွင်းအတွင်း Score Board တပ်ဆင်ဖို့အတွက် ကျပ်(၁.၈)သန်းဖြင့်လည်းကောင်း၊ ဘောလုံးကွင်းအတွင်း Inner Fencing ကာရံခြင်းလုပ်ငန်းကို ကျပ်(၁၇)သန်းဖြင့်လည်းကောင်း ထပ်မံဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မဘောလုံးကွင်း ပွဲကြည့်စင်အား တည်ဆောက်ပေးနိုင်ရန်အတွက် ကျပ်ငွေ(၃၅)သန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ထည့်သွင်းလျာထား တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ဖြေကြားရင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မြေရဲ့ လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ် ခင်ဗျား။ ဒီကနေ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၁/အမ(ကော်မတီ-၁)၁ /၂၀၁၆- ၄၀၃
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အစီရင်ခံစာကို ၆-၁၂-၂၀၁၆ ရက်နေ့က အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပဲခူးတိုင်း၊ မဲဆန္ဒနယ်မြေအမှတ်(၁၂) က ဦးအောင်သိန်း နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) က ဦးလှဦး၊ သူတို့နှစ်ယောက်က ၁၄-၁၂-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေးမှာ အကြံပြု ဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အဖွဲ့ဝင်ပုဂ္ဂိုလ်နဲ့ အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၊ ပြည်ထောင်စု

လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့်အတူ ၁၆-၁၂-၂၀၁၆ ရက်နေ့က တွေ့ဆုံညှိနှိုင်းခဲ့ကြပြီး ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာ အောက်ပါအတိုင်း ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေး ရရှိခဲ့ပါတယ် -

(က) အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၂၊ ပုဒ်မ ၂၀ တွင် ရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ ချီးမြှင့်ငွေနှင့် စရိတ်များ ခံစားခွင့်ပြုရာမှာ ရွေးကောက်ပွဲကျင်းပပြုလုပ်သည့် ဒေသများ၌ ရွေးကောက်ပွဲတစ်ကြိမ်လျှင် မတိုင်မီ ၆ လနှင့် နောက်ပိုင်း ၃ လ စုစုပေါင်း ၉ လထက်မပိုသော ကာလများအတွက်သာလျှင် ချီးမြှင့်ရန်နှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်မရှိသည့်ဒေသများမှာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ အဖွဲ့ဝင်များကိုမူ ချီးမြှင့်ငွေနှင့် စရိတ်ခံစားခွင့် မပြုခြင်းဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို အမှန်တကယ် ကုန်ကျသင့်သလောက် ကုန်ကျစေရန် ရည်ရွယ်ချက်နဲ့ ပြင်ဆင်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒီအချက်အပေါ်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးက ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ စတဲ့ ဥပဒေ(၂)ရပ်နဲ့ အခြေခံပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီလို ဆွေးနွေးတဲ့အခါမှာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ရွေးချယ်တာဝန်ပေးအပ်တဲ့ကိစ္စမှာ ဂုဏ်သိက္ခာ၊ သမာဓိအရ အများကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်များကိုသာလျှင် တာဝန်ပေးအပ်သည်က တစ်ကြောင်း၊ ပင်မအနေဖြင့် တရားဝင်တည်ရှိနေသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ကြီးနှင့်အတူ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများ တည်ရှိနေမှသာလျှင် အထက်ဖော်ပြပါ ဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များကို ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်ကတစ်ကြောင်း၊ နောက် နေ့တွက်ရရှိသဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်းသဘောမျိုးမဟုတ်ဘဲနဲ့ ဂုဏ်သိက္ခာအရ လေးနက်စွာ တာဝန်ယူရမည့် လုပ်ငန်းသဘောဖြစ်သဖြင့်တစ်ကြောင်း ဒီလို အကြောင်းတွေကြောင့်မို့ အဖွဲ့ခွဲအဆင့်ဆင့်ကို သူရဲ့သက်တမ်းကို မူလပြဋ္ဌာန်းချက်အတိုင်းသာလျှင် ပြန်လည်ထားရှိသင့်ကြောင်း ကျွန်တော်တို့ ဆွေးနွေးရရှိခဲ့ပါတယ်။ ယင်းသို့သောတင်ပြချက်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား ဥပဒေကြမ်းကော်မတီသို့ လာရောက်ဆွေးနွေးခဲ့သော ကော်မရှင်အဖွဲ့ဝင်ပုဂ္ဂိုလ် ဦးလှတင့် ကလည်း ထောက်ခံဆွေးနွေးတင်ပြသွားပါတယ်။ အဲဒီတော့ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၊ ပုဒ်မ ၂၀ ကို မူလပြဋ္ဌာန်းချက်အတိုင်းသာလျှင် ဆက်လက်ထားရှိသင့်ကြောင်း ကျွန်တော်တို့ ညှိနှိုင်းသဘောတူညီခဲ့ကြပြီး ဖြစ်ပါတယ်။

(ခ)	အဆိုပြုပြဋ္ဌာန်းထားသည့်အပိုဒ် ၃၊ အပိုဒ်ခွဲ(က)နှင့် (ခ)တို့ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(က) နှင့် (ခ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ ယင်းတို့တွင် ပါရှိသော ပြင်ဆင်ချက်များမှာ ဥပဒေရေးထုံးနှင့် ဆီလျော်ညီညွတ်မှုရှိအောင် ပြင်ဆင်ထားခြင်းဖြစ်တဲ့အတွက် အဆိုပြုပြဋ္ဌာန်းချက်အတိုင်းသာ လက်ခံသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပြီး ဖြစ်ပါသည်။

(ဂ)	ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရန်အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ ကို အပိုဒ် ၃ ဟု ပြင်ဆင်ပြီး ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပရသည့် မဲဆန္ဒနယ်မြေများတွင် ၉ လထက်မပိုသော ကာလအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်များကို ရရှိခံစားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ဆိုတဲ့စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။	သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ် အပါအဝင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ပညာရှင်များဖြင့်အတူ ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ပါရန် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။**	။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာတဲ့ ပြည်ထောင်စုကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီးမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီဝင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ဥပဒေကို တစ်ပိုဒ်ချင်းစီအလိုက် ကျွန်တော် အဆိုပြု တင်သွင်းသွားဖို့ဖြစ်ပါတယ်။ ရှေးဦးစွာ ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြရမှာ ဥပဒေရဲ့ခေါင်းစဉ် ဖြစ်ပါတယ်။

ဥပဒေရဲ့ခေါင်းစဉ် ပြင်ဆင်ချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ ကျွန်တော်တို့ ရိုက်နှိပ်ထားတဲ့နေရာမှာတော့ ၂၀၁၆ ခုနှစ်လို့ ဖြစ်နေပါတယ်။ ကျွန်တော်တို့ အချိန်ကာလအရ ၂၀၁၇ ခုနှစ်လို့ ပြောင်းရမှာဖြစ်ပါတယ်။

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။ )

၁၃၇၈ ခုနှစ် လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်လို့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ခေါင်းစဉ် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒုတိယပြင်ဆင်ချက် ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၂)၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ် ၃ ဖြစ်ပါတယ်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၁ အဖြစ် အောက်ပါအတိုင်း အစားထိုး ရမည်-

၂၁။ (က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံ သုံးစွဲရန် နှစ်စဉ်ဘဏ္ဍာအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်လို့ အဆိုပြု ပြဋ္ဌာန်းထားတဲ့အတိုင်း အတည်ပြုပေးဖို့ ဖြစ်ပါတယ်။

ပုဒ်မ ၂၁၊ အပိုဒ်ခွဲ(ခ)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ချက် ဖြစ်ပါတယ်။

(ခ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်ဖွဲ့ခွဲဝင် များနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပရသည့် မဲဆန္ဒနယ်မြေများတွင် ၉ လ ထက်မပိုသော ကာလအတွက် ထိုက်သင့်သည့် လစဥ် ချီးမြှင့်ငွေနှင့်စရိတ်များကို ရရှိခံစားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ အစားထိုး ပြင်ထားပါတယ်။

ပြင်ဆင်ထားချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ် ဇယားရဲ့ စာမျက်နှာ(၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဆိုပြုထားတဲ့ တင်ပြချက်ရဲ့ အပိုဒ် ၂ ဖြစ်ပါတယ်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် အပိုဒ်ခွဲ(က) အခန်း(၄) ခေါင်းစဉ်ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆိုသည့်စကားရပ်ကို ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဆိုသည့် စကားရပ်နှင့် အစားထိုးရမည်လို့ အဆိုပြုပြဋ္ဌာန်းထားချက်အတိုင်းနဲ့ အပိုဒ်ခွဲ(ခ) အခန်း(၆) ခေါင်းစဉ်

ပါ တာဝန်နှင့် လုပ်ပိုင်ခွင့် ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဆိုသည့် စကားရပ်နှင့်အစားထိုးပြင်ဆင်သင့်ကြောင်း အဆိုပြုပြဋ္ဌာန်းထားပါတယ်။

အဆိုပြုပြဋ္ဌာန်းထားချက်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ နောက်ဆုံးပြင်ဆင်ချက်ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ နံပါတ်(၁)မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁ ဖြစ်ပါတယ်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်လို့ ဥပဒေရဲ့အမည်မှာ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်းနှင့် ပြောင်းလဲပြင်ဆင်ထားတဲ့ ကျွန်တော်တို့ ၂ ဖြစ်ပါတယ်။ ပြောင်းလဲ ပြင်ဆင်ထားတဲ့ ၂ က စောစောက ကျွန်တော်တို့ အဆိုပြုပြဋ္ဌာန်းထားချက်အတိုင်း ကျွန်တော် ခေါင်းစဥ်တွေရဲ့ အမည်တွေကို ပြောင်းလဲ ပြင်ဆင်ထားတာဖြစ်ပါတယ်။

ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုပေးဖို့ အဆိုပြု တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား

အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဦးလှတင့် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အဖွဲ့ဝင် ဦးလှတင့် ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်း တင်သွင်းခြင်းနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနဲ့ အမျိုးသား လွှတ်တော်က တစ်ပိုဒ်ချင်းအလိုက် အတည်ပြု အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြဖို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုနိုင်ရန်အတွက် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး က လေးနက်စွာ ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများ နှင့်စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဒေါ်ခင်ဆွေလွင် (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အဖွဲ့ဝင် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ တာဝန် ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လိုအပ်သည့်နေရာတွင် Power point သုံးစွဲခွင့်ပြုပါရန် ကြိုတင်တောင်းခံအပ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်**

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)တွင် ပြဋ္ဌာန်းထားသော နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ပြုလုပ်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အသီးသီးတို့တွင် အမြဲတမ်းကော်မတီ(၄)ရပ်ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

၂။ အမျိုးသားလွှတ်တော်၏ ကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ နှင့် ၉၇ တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြန်လည်ဖြေကြားချက်များအပေါ် အာမခံချက်၊ ကတိပြုချက်များကို စိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ အရ လွှတ်တော်သို့ အစီရင်ခံစာ ပြုစုတင်သွင်းရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် တင်သွင်းခဲ့သော အဆိုများအပေါ် စိစစ်ခဲ့ခြင်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှုအပေါ် ဆောင်ရွက်ချက်များကို တတိယပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာတင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များပေးနိုင်ကြရန် ဖြစ်ပါသည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၄။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း(၁၄၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၇၂)ခု၊ စုစုပေါင်း(၂၁၉)ခု မေးမြန်းခဲ့ပြီး၊ အဆို(၃)ခု တင်သွင်းခဲ့ပါသည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ကတိဖြစ်ပေါ်မှု စိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များကို အဖွဲ့(၆)ဖွဲ့ခွဲ၍ ဝန်ကြီးဌာနများအလိုက် စိစစ်ဆောင်ရွက်ခဲ့

ပါသည်။ ကော်မတီသည် ၂၁-၉-၂၀၁၆ ရက်နေ့တွင် ပထမအကြိမ်၊ ၂၆-၉-၂၀၁၆ ရက်နေ့တွင် ဒုတိယအကြိမ်နှင့် ၁-၁၂-၂၀၁၆ ရက်နေ့တွင် တတိယအကြိမ် ကော်မတီအစည်းအဝေးပြုလုပ်၍ ဆွေးနွေးစိစစ်ခဲ့ပါသည်။ ကော်မတီ၏စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများကိုလည်း ၇-၁၂-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန(၉)ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၈-၁၂-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာန(၇)ခုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးအရဖွဲ့(၉)ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ထပ်မံဆွေးနွေး အတည်ပြုနိုင်ခဲ့ပါသည်။

**ကော်မတီ၏စိစစ်တွေ့ရှိချက်များ**

၅။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးအတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁၄၇)ခုအနက် မေးခွန်း(၈၇)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၆၀)ခု ကတိမဖြစ်ပေါ်ခဲ့ကြောင်း အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည် -

| စဥ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ | - | |
| ၂။ | ပြည်ထဲရေးဝန်ကြီးဌာန | ၆ | ၃ | ၃ | |
| ၃။ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၄။ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၃ | ၂ | ၁ | |
| ၅။ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၆။ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | ၁ | - | |
| ၇။ | သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန | ၂ | - | ၂ | |
| ၈။ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၃၆ | ၁၆ | ၂၀ | |
| ၉။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၃ | ၈ | ၅ | |
| ၁၀။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၈ | ၆ | ၂ | |
| ၁၁။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁၂ | ၈ | ၄ | |
| ၁၂။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန | ၉ | ၆ | ၃ | |

| စဉ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁၃။ | စက်မှုဝန်ကြီးဌာန | ၁ | ၁ | - | |
| ၁၄။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ | ၁ | - | |
| ၁၅။ | ပညာရေးဝန်ကြီးဌာန | ၁၆ | ၁၀ | ၆ | |
| ၁၆။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၃ | ၆ | ၇ | |
| ၁၇။ | စိမ်းကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၄ | ၁ | ၃ | |
| ၁၈။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၂ | ၁၁ | ၁ | |
| ၁၉။ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၅ | ၅ | - | |
| ၂၀။ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| | **စုစုပေါင်း** | **၁၄၇** | **၈၇** | **၆၀** | |

၆။ အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ဖြေကြားချက်အကျဉ်းချုပ်များကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါသည်။

၇။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်မပြမေးခွန်း(၇၂)ခုအနက် မေးခွန်း(၃၄)ခု ကတိဖြစ်ပေါ်ခဲ့ပြီး (၃၈)ခု ကတိမဖြစ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည် -

| စဉ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁။ | ပြည်ထဲရေးဝန်ကြီးဌာန | ၆ | ၃ | ၃ | |
| ၂။ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၄ | ၄ | - | |
| ၃။ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | - | ၁ | |
| ၄။ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၀ | ၃ | ၇ | |
| ၅။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၂ | ၁ | |
| ၆။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၃ | ၃ | - | |

| စဉ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၇။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၃ | ၁ | ၂ | |
| ၈။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၁ | ၁ | - | |
| ၉။ | ပညာရေးဝန်ကြီးဌာန | ၂၃ | ၆ | ၁၇ | |
| ၁၀။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၆ | ၅ | ၁ | |
| ၁၁။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ | ၂ | - | |
| ၁၂။ | တိုင်း/ပြည်နယ်အစိုးရအဖွဲ့ | ၁၀ | ၄ | ၆ | |
| | **စုစုပေါင်း** | ၇၂ | ၃၄ | ၃၈ | |

၈။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါသည်။

၉။ ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို(၃)ခု တင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်မှ အဆို(၁)ခု အတည်ပြုခဲ့ပြီး၊ အတည်မပြုအဆို(၁)ခု၊ မှတ်တမ်းတင်အဆို(၁)ခုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည် -

| စဉ် | ဝန်ကြီးဌာန | အဆိုပေါင်း | အတည် | | မှတ်တမ်းတင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ပြု | မပြု | | |
| ၁။ | ပြည်ထဲရေးဝန်ကြီးဌာန | ၁ | ၁ | - | - | |
| ၂။ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁ | - | - | ၁ | |
| ၃။ | ပညာရေးဝန်ကြီးဌာန | ၁ | - | ၁ | - | |
| | **စုစုပေါင်း** | ၃ | ၁ | ၁ | ၁ | |

၁၀။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သော အတည်ပြုအဆိုနှင့် ဖြေကြားချက် အကျဉ်းချုပ်ကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပါသည်။

၁၁။ အတည်ပြုခဲ့သည့်အဆို၊ ကတိဖြစ်ပေါ်ခဲ့သည့်မေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ကတိဖြစ်ပေါ်မှု မှတ်တမ်း ပေးပို့ထားပြီး လုပ်ငန်းဆောင်ရွက်တိုးတက်ပြီးစီးမှုများကို လစဉ် ပြန်ကြားစေခဲ့ပါသည်။

၁၂။ ကော်မတီအနေဖြင့် ကတိကဝတ်ဖြစ်ပေါ်ခဲ့သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြုလုပ်သည့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့နှင့် ၈ ရက်နေ့များ၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးကြောင်းနှင့် ဆောင်ရွက်ပြီးဖြစ်ပါက သတ်မှတ်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိကို စိစစ်၍ လွှတ်တော်သို့ အစီရင်ခံစာ တင်ပြနိုင်ရန်အတွက် လစဉ်ပုံမှန်လုပ်ငန်းအခြေအနေများကို ပြန်လည်တင်ပြရန်နှင့် လွှတ်တော်သို့ ကတိကဝတ်ပြုခဲ့သည့်အတိုင်း မည်သည့်နှစ်၊ မည်သည့်ဘတ်ဂျက်တွင် တင်ပြတောင်းခံပါမည်ဟု ဖြေဆိုခဲ့ပါက လျာထားဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်နယ်/တိုင်းအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဖြေကြားပေးသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များအနေဖြင့် ဝန်ကြီးဌာနတွင် ဖြစ်ပေါ်နေသည့်ကတိကဝတ်အား သက်ဆိုင်ရာပြည်နယ်/တိုင်းအစိုးရအဖွဲ့အား လွှဲပြောင်းစေလိုပါက ယခုအစည်းအဝေးတွင် တစ်ပါတည်းဆွေးနွေးရန်နှင့် ညှိနှိုင်းဆောင်ရွက်မှု မပြီးမြောက်သေးပါက ဖြေကြားခဲ့သည့်ဝန်ကြီးဌာနမှ တာဝန်ယူ၍ တွန်းအားပေးရန်လိုကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

၁၃။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးမြောက်ခဲ့ပါ၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးရန် အချက်အလက်များနှင့်တကွ ကော်မတီသို့တင်ပြလာပါက မေးခွန်းများ၊ အဆိုများ မေးမြန်းတင်သွင်းခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် စစ်ဆေးပေါ်ပေါက်ချက်များကို ညှိနှိုင်းပြီး ကတိကဝတ်စာရင်းမှ ပြန်လည်ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၁၄။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် ကော်မတီမှ အစည်းအဝေးဖိတ်ကြားသည့်အခါ မိမိတို့လွှတ်တော်အတွင်း မေးမြန်းဆွေးနွေးခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့်ပတ်သက်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကတိဖြစ်ပေါ်ခဲ့သည့်အတိုင်း သတ်မှတ်ကာလအတွင်း ဆောင်ရွက်မှု ရှိ/မရှိကို ဆွေးနွေးတင်ပြပေးကြပါရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးမြောက်ခဲ့ပါက ပြီးမြောက်ခဲ့ပြီးဖြစ်ကြောင်း အထောက်အထားများနှင့်တကွ ကော်မတီသို့ အကြောင်းကြားပေးကြပါရန်နှင့် အကြံပြုချက်များရေးသားပြီး ပူးတွဲပေးပို့ပေးနိုင်ပါရန် လွှတ်တော်မှတစ်ဆင့် တင်ပြအပ်ပါသည်။

## သုံးသပ်အကြံပြုချက်

၁၅။ လွှတ်တော်ကိုယ်စားလှယ်များက သိရှိလို၍ မေးမြန်းသော မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်ရှင်းလင်းဖြေကြားပြီးဖြစ်သည့်အတွက် ကော်မတီအနေဖြင့် ကတိအဖြစ် မမှတ်ယူဘဲ သိရှိလို၍ မေးမြန်းသည့်မေးခွန်းအဖြစ်သာ သတ်မှတ် ဆုံးဖြတ်ခဲ့ပါသည်။ ကတိဖြစ်ပေါ်သည့် အချို့မေးခွန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် မူဝါဒချမှတ်၍ နှစ်ရှည်ဆောင်ရွက်ရမည့် သမ္မဇဉ်လုပ်ငန်းများလည်း ပါရှိသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးခွန်းများ မေးမြန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးအတွက် ပြည်သူအများသိရှိစေရန် မေးမြန်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် တာဝန်ရှိသူများက ဖြေကြားပြီးဖြစ်ခြင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်နေသော လုပ်ငန်းစဉ်ဖြစ်ခြင်း၊ ဝန်ကြီးဌာနများအနေဖြင့် မူဝါဒနှင့်အညီ ရေရှည်မပြတ်မနေ ဆက်လက်အကောင်

အထည်ဖော်ဆောင်ရွက်နေရမည့် လုပ်ငန်းများဖြစ်ခြင်းတို့ကြောင့် ဖြေကြားခဲ့သည့် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများနှင့် မေးခွန်းမေးမြန်းခဲ့သည့် ကိုယ်စားလှယ်တော်ကြီးများကို ညှိနှိုင်းကာ ကတိကဝတ် စာရင်းမှ ပယ်ဖျက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါသည်။

၁၆။ ကတိဖြစ်ပေါ်သည့် မေးခွန်းများကို ကတိအတိုင်း ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နှစ်အလိုက်ဘတ်ဂျက်များတွင် ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်းနှင့် ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ကတိဖြစ်ပေါ်သည့်လုပ်ငန်းများကို ဘတ်ဂျက်တွင် ထည့်သွင်းလာပါက ခွင့်ပြုပေးရန် လိုအပ်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

၁၇။ ကတိများ ပီပြင်စွာဖြစ်ပေါ်ရေးနှင့် တိကျစွာအကောင်အထည်ဖော်ရေးအတွက် ဖြေကြားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအနေဖြင့် အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ တိတိပပ တာဝန်ခံ ကတိပေးရန်လိုအပ်ပါကြောင်း၊ တာဝန်ခံကတိပေးပြီးသည့် လုပ်ငန်းများကိုလည်း ပီပီပြင်ပြင် ပြီးပြတ်အောင်ဆောင်ရွက်ခြင်းအားဖြင့် လွှတ်တော်နှင့် အစိုးရတို့၏ ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်လာပြီး၊ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ပို၍ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်အပ်ပါသည်။

၁၈။ ကော်မတီအနေဖြင့်လည်း ကတိဖြစ်ပေါ်သည့် မေးခွန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့် ကာလအတွင်း အကောင်အထည်ဖော်မှု ရှိ/မရှိ၊ စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှု ရှိ/မရှိ၊ အမှန်တကယ်ပြီးစီးမှု ရှိ/မရှိ အခြေအနေများကို အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များ၏ အကူအညီကိုရယူ၍ စစ်ဆေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## နိဂုံး

၁၉။ အနှစ်ချုပ်အားဖြင့် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအကြား ပြည်သူများ၏ကိုယ်စား လွှတ်တော်တွင် ဆွေးနွေးခဲ့သည့် ပြည်သူလူထု၏ ဆန္ဒသဘောထားများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိန်းညှိပေးသည့် ကော်မတီဖြစ်ပါသည်။ သို့ပါ၍ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများမှ ကတိကဝတ် ဖြစ်ပေါ်ခဲ့မှုများကို လစဉ် အစီရင်ခံစာ ရေးသားပေးပို့ခြင်း၊ မေးခွန်းမေးမြန်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှလည်း မြေပြင်တွင် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့် ညီ/မညီ၊ မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိကို စောင့်ကြည့်၍ ကော်မတီသို့ အစီရင်ခံစာများ ရေးသားပေးပို့ကြပါရန် တိုက်တွန်းအပ်ပါသည်။

၂၀။ သို့မှသာ ကော်မတီအနေဖြင့် ရရှိသော အချက်အလက်များကို အခြေခံ၍ လိုအပ်သော နေရာဒေသများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခြင်းဖြင့် စစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်သို့ မှန်မှန်ကန်ကန် တင်ပြပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကတိကဝတ် ပျက်ကွက်မှုများရှိပါကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ အစီရင်ခံ တင်ပြသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကို ၁၂း၂၃ နာရီ အချိန်တွင် ရပ်နားပါသည်။]